# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

# ဒုတိယနေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

## (၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် ၁၀း၂၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀း၂၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၂ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၂ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၄.၃၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၆-၆-၂၀၁၃ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့သို့ တက်ရောက်မယ့် လွှတ်တော်ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၆ ဦးအနက် တက်ရောက်သူဦးရေ ၄၀၂ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၂၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ၂၄ ဦး

အနက် ၁၉ ဦးကတော့ ယမန်နေ့ ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၃ ရက်၊

(၂) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၃) မတ္တရာမဲဆန္ဒနယ်မှ ဦးပြည့်မောင် ခွင့် ၂ ရက်၊

(၄) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၂ ရက်နှင့်

(၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်လွင် ခွင့် ၃ ရက် တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယနေ့ ခွင့်ပန်ကြားသူ ၅ ဦးအား ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို သတ်မှတ်တဲ့အချိန်အနည်းငယ်နောက်ကျရခြင်းအကြောင်းကတော့ လွှတ်တော်ရေးရာကိစ္စရပ်များနှင့် အရေးကြီးအဆို

များလာရောက်တင်သွင်းတဲ့အတွက် အခုလိုအနည်းငယ်နောက်ကျရခြင်းဖြစ်ပါတယ်။ ဒီနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်ကို အလေးထားလေးစားစွာလာရောက်ပြီးတော့ မေးခွန်းများကိုဖြေကြားပေးတဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ကိုယ်စားလှယ် ၅၂ ဦး၊ နိုင်ငံတော်သမ္မတအကြံပေးအဖွဲ့မှူးကြီးမှူး၍ မြန်မာ့ဖွံ့ဖြိုးရေးအရင်းအမြစ်အဖွဲ့အစည်းမှ သင်တန်းသူသင်တန်းသား ၁၀၅ ဦး၊ စုစုပေါင်းလေ့လာသူ ၁၅၇ ဦး တက်ရောက်လျက်ရှိပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကပြန်လည်ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

## မြို့ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခုချထားပေးမည့်အစား တိုက်နယ်ဆေးရုံတစ်တရုံတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာ ခင်မောင်ဆွေ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာ ခင်မောင်ဆွေ (ကျောက်တံခါးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်ဆွေဖြစ်ပါတယ်။ ဒီကနေ့ ကျန်းမာရေးနှင့်ပတ်သက်တဲ့မေးခွန်းတစ်ခု ကျွန်တော်မေးမြန်းပါ့မယ်။ ကျွန်တော်တို့ ကျောက်တံခါးမြို့နယ်၊ ဖဒိုဒေသ မြို့ချောင်းကျေးရွာသည် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင်တည်ရှိပါတယ်။ အဆိုပါ မြို့ချောင်းကျေးရွာတွင် ကျန်းမာရေးဌာန R.H.C တစ်ခု Section ကျရောက်ထားပြီး အဆောက်အဦမရှိသေးပါ။ မြို့ချောင်းကျေးရွာနှင့် မြို့ချောင်းကျေးရွာအနီးရှိ ကျန်းမာရေးဌာနကို အားကိုးအားထားပြုကြသည့်လူဦးရေစုစုပေါင်းမှာ ၅၂၀၀၀ ကျော်ခန့်ရှိပါတယ်။ မြို့ချောင်းရဲ့အနီးအနားမှာရှိတဲ့ကျေးရွာများအပြင်ကို တောင်ပေါ်မှာကျေးရွာ ၆ ရွာရှိပါတယ်။ နောက်ပြီးတော့ တောင်ခြေနှင့် မြို့ချောင်းကျေးရွာအနီးမှာ ကျေးရွာအုပ်စု ၅ အုပ်စုမှ ကျေးရွာပေါင်း ၃၁ ရွာရှိ

ပါတယ်။ ထို့အပြင် ရန်ကုန်-မန္တလေးအမြန်လမ်းစီမံကိန်းမှလုပ်သားပြည်သူများ၊ မင်းလှ-စိန်ကန့်လန့် လမ်းစီမံကိန်းမှလုပ်သားပြည်သူများ၊ ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းမှလုပ်သားပြည်သူများနှင့် အနီးအနားရှိကျွန်းစိုက်ခင်း၊ အခြားနှစ်တိုနှစ်ရှည်စိုက်ခင်းမှလုပ်သားပြည်သူများကလည်း မြို့ချောင်း ကျေးရွာသို့သာ အားကိုးအားထားပြု၍လာကြပါတယ်။ ထို့အပြင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး ပေါ်တွင်လည်း မကြာခဏဆိုသလို ယာဉ်အန္တရာယ်ကျရောက်မှုများဖြစ်ပေါ်နေသည့်အတွက် အမြန်လမ်းနဲ့အနီးဆုံးဖြစ်သော ဖဒိုတိုက်နယ်ဆေးရုံသည်ပင်လျှင် ၇ မိုင်၊ ၈ မိုင်ခန့်ကွာဝေး သောကြောင့် အချို့သောလူနာများမှာ မသေဆုံးသင့်ပဲသေဆုံးကြရပါတယ်။ ပြီးခဲ့တဲ့နှစ် ၂၀၁၂ ခုနှစ်မှာ ယာဉ်အန္တရာယ်ကျရောက်မှု ၉၉ မှုဖြစ်ပြီးတော့ ဖဒိုတိုက်နယ်ဆေးရုံမှာ ၂၈ ဦးသေဆုံးခဲ့ရပါတယ်။ ယခုနှစ် ၂၀၁၃ ခုနှစ် ၅ လပိုင်းကုန်အထိ ယာဉ်အန္တရာယ်ကျရောက်မှု ၅၉ မှုရှိပြီးတော့ ဖဒိုတိုက်နယ် ဆေးရုံမှာ ၇ ဦးသေဆုံးခဲ့ရပါတယ်။ မြို့ချောင်းကျေးရွာသည် ရန်ကုန်-နေပြည်တော် အမြန်လမ်းမရဲ့ ဗဟိုလည်းဖြစ်သလို ရန်ကုန်မှ နေပြည်တော်အကြား Under Pass ၄ ခုရှိရာ မြို့ချောင်းကျေးရွာ သည်မြို့အဆင့်နီးပါးရှိတဲ့ လူဦးရေ၊ လူနေအိမ်ခြေလည်းပေါများတယ်။ နောက်ပြီးတော့ ရန်ကုန်-မန္တလေးအမြန်လမ်းဘေးမှာဆေးရုံတစ်ရုံကလည်း အမှန်တကယ်လိုအပ်နေတဲ့အတွက် ကျွန်တော်တို့ ဆောက်လုပ်ပေးဖို့သင့်ပါတယ်။ သို့မှသာ အမြန်လမ်းခရီးသွားပြည်သူများအနေနဲ့ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တင်ပြထားသော မြို့ချောင်းတိုက်နယ် ဆေးရုံနေရာသည် မြို့ချောင်းအမြန်လမ်းဘေး Under Pass ရဲ့ဘေးမှာရှိပြီးတော့ သွားလာမှုလည်း လွယ်ကူပါတယ်။ မြေဧကအားဖြင့်လည်း ၅ ဧကကျော်မျှကျယ်ဝန်းပြီး ၂၄ နာရီမီးနှင့် ရေလည်း ပေါများပါတယ်။ မြို့ချောင်းအမြန်လမ်းရဲစခန်းနဲ့လည်း နီးကပ်လျက်ရှိတဲ့အတွက် လုံခြုံရေးအတွက် လည်း စိတ်ချရပါတယ်။ သို့ဖြစ်ပါ၍ ကျောက်တံခါးမြို့နယ် ဖဒိုဒေသ အမြန်လမ်းမကြီးဘေးမှာရှိတဲ့ မြို့ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခုချထားပေးမည့်အစား တိုက်နယ်ဆေးရုံ တစ်ခုအမြန်ဆုံးတည်ဆောက်ပေးရန်လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ တိုက်နယ်ဆေးရုံအမြန်ဆုံး တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိသိလိုပါကြောင်းနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့် အချိန်တွင်တည်ဆောက်ပေးမည်ကိုသိလို၍ ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန်တင်ပြအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်မှာ ၂၅ ခုတင်ဆံ့ မြို့နယ်ဆေးရုံတစ်ရုံနှင့် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံများဖြစ်တဲ့ ဖဒို၊ ပဲနွယ်ကုန်း၊ တောကျွဲအင်းနှင့် ကညင်ကျိုး၊ စုစုပေါင်းမြို့နယ်ဆေးရုံတစ်ရုံနှင့် တိုက်နယ်ဆေးရုံ ၄ ရုံ၊ စုစုပေါင်း ၅ ရုံဖွင့်လှစ်ပြီးဖြစ်ပါတယ်။ ကျောက်တံခါးမြို့နယ်၊ မြို့ချောင်းကျေးရွာဟာ ကျောက်တံခါးဆေးရုံနဲ့ ၁၅ မိုင်၊ တောကျွဲအင်းတိုက်နယ်ဆေးရုံနဲ့ ၂၇ မိုင်၊ ကညင်ကျိုးတိုက်နယ်ဆေးရုံ နဲ့ ၁၈ မိုင်၊ ပဲနွယ်ကုန်းတိုက်နယ်ဆေးရုံနဲ့ ၂၂ မိုင်၊ ဖဒိုတိုက်နယ်ဆေးရုံနဲ့ ၈ မိုင်ကွာဝေးတဲ့အတွက် မြို့ချောင်းကျေးလက်ကျန်းမာရေးဌာနကို ၂၀၁၃-၂၀၁၄ မှာ ဖွင့်လှစ်ခွင့်ပြုပြီးဖြစ်တဲ့အပြင် ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေလည်းချထားပေးပြီး ကျေးလက်ကျန်းမာရေးဌာနတစ်ခု ပြင်ဆင်သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာမြို့ချောင်းကျေးလက်ကျန်းမာရေးဌာနနယ်မြေကို ခုနမေးမြန်းတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့်အတူ ကျွန်တော်သွားရောက်ကြည့်ရှုပြီးဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံအဖြစ်အဆင့်မြှင့်ပေးရန်လိုအပ်တဲ့နေရာဒေသလည်းဖြစ်တဲ့အတွက် တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံရရှိရေးနှင့် တိုက်နယ်ဆေးရုံအဆောက်အဦ တည်ဆောက်နိုင်ရေးကိုတစ်ပြိုင်နက်တည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ အဆိုပြုလျာထားပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ အတွက် ဗဟိုဆေးသိုလှောင်ရုံဌာနခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်

ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းဟာ ကျန်းမာရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထုတ်ယူရာတွင် လွယ်ကူချောမွေ့စေရေးနှင့် အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်ရေး ရည်မှန်းလျက် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် ဗဟိုဆေးသိုလှောင်ရုံဌာနခွဲများ ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိဘပြည်သူများအတွက် လိုအပ်တဲ့ ကျန်းမာရေးဆိုင်ရာဆေးဝါးများနှင့် အထောက်အကူပြုပစ္စည်းများကို ကျန်းမာရေးဝန်ကြီးဌာနရဲ့ အစီအစဉ်အရ ရန်ကုန်မြို့ရှိ ဗဟိုဆေးသိုလှောင်ရုံဌာနတွင် ထုတ်ယူနေရကြောင်းသိရှိရပါတယ်။ ရန်ကုန်မြို့မှာထုတ်ပေးနေတဲ့အတွက် အထက်ပိုင်းဒေသများဖြစ်ကြတဲ့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးများအနေနဲ့ ခရီးကွာဝေးတာမို့ ကုန်ကျစရိတ်များပြားခြင်း အချိန်နှင့်တစ်ပြေးညီ ဆေးဝါးနှင့်အထောက်အကူပစ္စည်းများ ဒေသသို့မရောက်ရှိနိုင်ခြင်းစတဲ့အချက်များကို တွေ့ကြုံလာရမှာဖြစ်ပါတယ်။ အမြင်သဘောထားကိုတင်ပြရမယ်ဆိုရင် လွယ်ကူနီးကပ်စွာ ထုတ်ယူနိုင်ရန်အလို့ငှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပြီး မုံရွာမြို့မှာ ဗဟိုဆေးသိုလှောင်ရုံဌာနခွဲများဖွင့်လှစ်ပြီးထုတ်ပေးနိုင်မယ်ဆိုရင် အဆင်ပြေသွားမယ်လို့ ထင်မြင်ယူဆမိပါတယ်။ သို့ပါ၍ ကျန်းမာရေးဆိုင်ရာ အထောက်အကူပစ္စည်းများထုတ်ယူရာတွင် လွယ်ကူချောမွေ့စေရေး ဒေသသို့အချိန်နှင့်တစ်ပြေးညီရောက်ရှိစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ညှိနှိုင်းပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် ဗဟိုဆေးသိုလှောင်ရုံဌာနခွဲကို မုံရွာမြို့တွင်ဖွင့်လှစ်ပေးသွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကျန်းမာရေးအထောက်

အကူပြုပစ္စည်းများ ထုတ်ယူရာမှာ လွယ်ကူချောမွေ့စေရေးနှင့် အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်ရေးအတွက်ရည်မှန်းပြီးတော့ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမှာလက်ရှိတော့ ကျွန်တော်တို့ ယာယီဆေးသိုလှောင်ရုံ ဖွင့်လှစ်ထားပြီးဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ မုံရွာမြို့နယ်မှာ ဗဟိုဆေးသိုလှောင်ရေးဌာနခွဲအနေနဲ့ ဖွင့်လှစ်ဖို့ကိုတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာလျာထားစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများတွင် လစ်လပ်နေသောမြို့နယ်ဆရာဝန်နှင့် လက်ထောက်ဆရာဝန်များခန့်ထားရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်၌ခန့် အပ်စေလွှတ်ပေးနိုင်မည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအင်ဖုန်ဆန်း(မချမ်းဘောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ အထူးဖိတ်ကြားထားတဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် လေ့လာသူအပေါင်းတို့ခင်ဗျား။ အားလုံးမင်္ဂလာပါလို့ မချမ်းဘောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မချမ်းဘောမြို့နယ်ပြည်သူ့ဆေးရုံမှာ မြို့နယ်ဆရာဝန်နှင့်လက်ထောက်ဆရာဝန် ၃ ဦး၊ မြို့နယ် နယ်လှည့်ဆေးအဖွဲ့တွင်ဆရာဝန် ၁ ဦးနှင့် ဆန်တန်းတိုက်နယ်ဆေးရုံမှာ ဆရာဝန် ၁ ဦး၊ စုစုပေါင်းဖွဲ့စည်းပုံအရ ဆရာဝန် ၆ ဦးထားရှိရန်ဖြစ်သော်လည်း လောလောဆယ် မချမ်းဘောမြို့ ပြည်သူ့ဆေးရုံတွင် ဆရာဝန် ၁ ဦးသာတာဝန်ထမ်းဆောင်နေရသဖြင့် ပြည်သူလူထုရဲ့ ကျန်းမာရေးလုပ်ငန်းများကို အပြည့်အဝမဆောင်ရွက်နိုင်ဘဲ လူနာများဆေးဝါးကုသရာတွင် များစွာအခက်အခဲရှိနေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမချမ်းဘောမြို့တွင် တာဝန်ထမ်းဆောင်နေတဲ့ တစ်ဦးတည်းဆရာဝန်ကိုလည်း ယခုလမှစ၍မြစ်ကြီးနားမြို့ ကချင်ပြည်နယ် WHO အဖွဲ့အစည်း၌ တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့ပေးခဲ့သဖြင့်ယခုအခါ မချမ်းဘောမြို့နယ်၌ ဆရာဝန်တစ်ဦးတစ်ယောက်မျှမရှိပါ။ ထို့ကြောင့် မချမ်းဘောမြို့နယ်ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများ၌ လစ်လပ်နေသော မြို့နယ်ဆရာဝန်နှင့် လက်ထောက်

ဆရာဝန်များ ခန့်ထားရန်အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်ခန့်အပ်စေလွှတ်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ မချမ်းဘောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအင်ဖုန်ဆန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားတင်ပြပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန အနေနဲ့ ကချင်ပြည်နယ်၊ မချမ်းဘောမြို့နယ် ဆေးရုံမှာလစ်လပ်လျက်ရှိတဲ့ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးတစ်ဦးနဲ့ ထရမ်ဒမ်းတိုက်နယ်ဆေးရုံမှာ လစ်လပ်လျက်ရှိတဲ့ လက်ထောက်ဆရာဝန်တစ်ဦး ကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ဒုတိယပတ်အတွင်းမှာ ခန့်ထားရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခုလိုပြန်လည်ဖြေကြားပေးတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးကို ထပ်ဆင့်ပြီး တော့ လွှတ်တော်ကိုယ်စားလှယ်များသိအောင် ရှင်းလင်းပေးစေလိုပါတယ်။ ဒါက တခြားမဟုတ်ပါဘူး။ ပြီးခဲ့တဲ့ လွှတ်တော်ရပ်နားစဉ်ကာလမှာ ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကျန်းမာရေးမြှင့်တင်မှု ကော်မတီရယ်၊ ကျန်းမာရေးဝန်ကြီးဌာနရယ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့က တာဝန်ရှိတဲ့ပုဂ္ဂိုလ်ရယ်၊ ပြည်သူ့လွှတ်တော်က နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌရယ်၊ ပြီးတဲ့အခါမှာ မိမိရယ်၊ မိမိရဲ့ ရုံးခန်းမှာ အစည်းအဝေးလုပ်ပြီးတော့ ဒီနေ့ နိုင်ငံအတွင်းမှာရှိနေကြတဲ့ ဆေးသိပ္ပံဘွဲ့ရ ဆရာဝန်များ၊ ဆရာဝန်များဆိုတဲ့နေရာမှာ အလုပ်သင်ပြီးမြောက်သော ဆရာဝန်များ အရေအတွက် ဘယ်လောက်ရှိ တယ်။ ပြီးတဲ့အခါမှာ နိုင်ငံအတွင်းမှာ ဖွဲ့စည်းပုံအရ လစ်လပ်နေတဲ့ ဆရာဝန်က ဘယ်လောက်ရှိတယ်။ ဒီအပေါ် မူတည်ပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ဒေသအသီးသီးမှာ လစ်လပ်နေတဲ့ ဆရာဝန် တွေမရှိတဲ့အတွက် ကျေးလက်နှင့် မြို့ပြကျန်းမာရေးစောင့်ရှောက်မှုကွာဟချက်ကို အနီးဆုံး ပြန်လည် ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဆရာဝန်များခန့်ထားပေးခြင်းသည် သက်ဆိုင်ရာ ဒေသမှာရှိတဲ့ ပြည်သူများအတွက် ကျန်းမာရေးမြှင့်တင်မှုစောင့်ရှောက်မှုလုပ်ငန်းများ ပိုဆောင်ရွက်ပေးမယ်။ အဲ့ဒီ အခါမှာ ဒီနေ့ကျေးလက်နှင့် တောရွာများ၊ ကျေးလက်ဒေသများအတွင်း တိုင်းရင်းသားများအနေနဲ့

တိုင်းရင်းသားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို မိမိတို့သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းက ဒီလိုဆောင်ရွက်ပေးမယ်ဆိုရင် မိမိတို့နိုင်ငံအတွင်းမှာ ဖြစ်ပေါ်နေတဲ့ သို့လော သို့လော မညီမျှမှုတွေကို ဖြေရှင်းပေးရာရောက်တယ်။ အဲ့ဒီနည်းတူပဲ ပညာတတ်ဆရာဝန်များအရေအတွက် ၆၀၀၀ ကျော် ရှိတဲ့ အလုပ်စောင့်နေတဲ့ ပုဂ္ဂိုလ်များလည်း အလုပ်တွေရသွားမယ်ဆိုရင် နိုင်ငံအတွက် များစွာ အကျိုးရှိမယ်။ ပြည်သူများအတွက် များစွာအကျိုးရှိမယ်။ ဒီပေါ်မူတည်ပြီးတော့ မိမိတို့ ဆွေးနွေးဆောင်ရွက်ချက်ကို ဝန်ကြီးအနေနဲ့ မိမိတို့လွှတ်တော်မှာ ရှင်းလင်းပြောကြားပေးမယ်ဆိုရင် နိုင်ငံနှင့်နိုင်ငံသားအတွက် အကျိုးရှိမှာဖြစ်တဲ့အတွက် ရှင်းလင်းပြောကြားပေးဖို့ ထပ်မံဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လက်ရှိတစ်နိုင်ငံလုံးမှာ လစ်လပ်နေတဲ့ လက်ထောက်ဆရာဝန်ရာထူး ၁၇၀၀ ကျော်ရှိတဲ့အနက် အမြန်ဆုံး ၁၅၀၀ ခန့်ဖို့အတွက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ သဘောတူခွင့်ပြုပေးပြီး ဖြစ်ပါတယ်။ ဒီကိစ္စကိုလည်းပဲ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဦးဆောင်ပြီးတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့သူတွေ ဆွေးနွေးပြီးတဲ့အခါမှာ အမြန်ဆုံးခန့်ထားနိုင်ရေးအတွက် ဆောင်ရွက်ပါဆိုတဲ့လမ်းညွှန်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရယ်၊ ကျန်းမာရေးဝန်ကြီးဌာနရယ် ညှိနှိုင်းပြီးတော့ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့အခါမှာ လက်ရှိအနေအထားအရအသစ်တွေ ခေါ်မယ်ဆိုလို့ရှိရင်တော့ Process က အနည်းဆုံး ၄၊ ၅၊ ၆ လလောက် ကြာသွားနိုင်တဲ့အတွက် ဖြေမယ့်လူသည် လူပေါင်း ၃၀၀၀၊ ၄၀၀၀ လောက် ဖြေကြမယ်ဆိုတဲ့အတွက် ကြာသွားနိုင်တဲ့ အနေအထားရှိတဲ့အတွက် ညှိနှိုင်းပြီးတဲ့အခါမှာ လက်ရှိပြီးခဲ့တဲ့ လက်ထောက်ဆရာဝန်ရာထူးထဲက နှုတ်ဖြေဖြေပြီးတော့ မပါသွားတဲ့ ကလေးတွေထဲက ဦးဆုံးနှုတ်ဖြေပြန်ခေါ်ဖို့ စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါတယ်။ သူတို့ နှုတ်ဖြေပြီးတာနဲ့ တစ်ပြိုင်တည်း အခုလောလောဆယ် ၅၀၀ နီးပါးလောက်ရှိတဲ့ ကလေးတွေကို ပြီးတာနဲ့ တစ်ပြိုင်တည်း အောင်မြင်တဲ့ ကလေးတွေအားလုံးကို လက်ထောက်ဆရာဝန်အဖြစ်နဲ့ ကျွန်တော်တို့ ခန့်ထားဖို့အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ အကယ်၍ အဲ့ဒီလက်ထောက်ဆရာဝန် ခန့်ထားပြီးမယ်ဆိုလို့ရှိရင်တော့ လစ်လပ်တဲ့နေရာတွေရဲ့ ၂၅ ရာခိုင်နှုန်းလောက် ဖြည့်ဆည်းပြီး ဖြစ်ပါလိမ့်မယ်။ ပြီးလို့ရှိရင်တော့ တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပဲ နောက်ထပ် သစ်လွင်ဆရာဝန်များကို လိုအပ်တဲ့ စောစောက တင်ပြ ထားခဲ့တဲ့ ၁၅၀၀ ဖြည့်ဖို့အတွက် လိုအပ်တာဖြစ်တဲ့အတွက် လိုအပ်တဲ့

လက်ထောက်ဆရာဝန်ရာထူးကို ဖြည့်သွားရင်းနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်ဆိုရင်တော့ ၈ လ၊ ၉လ လောက်အတွင်းမှာ လစ်လပ်တဲ့ရာထူးများကို ဖြည့်ဆည်းပြီးတော့ ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ သက်ဆိုင်ရာ ဒေသအသီးသီးမှာ တင်ပြနေတဲ့ လစ်လပ်မှု တိုက်နယ်ဆရာဝန်လစ်လပ်မှု၊ လက်ထောက်ဆရာဝန်လစ်လပ်မှုတွေကို ကျွန်တော်တို့ အတတ်နိုင်ဆုံး ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ခြင်းအားဖြင့် ပြည်သူတို့ရဲ့ ကျန်းမာရေးစောင့်ရှောက်မှုကို ခုနက လွှတ်တော်ဥက္ကဋ္ဌကြီးအမိန့်ရှိတဲ့ ကျန်းမာရေးကွာဟမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆောင်ရွက်ပေးနိုင်ဖို့အတွက် ကျန်းမာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဆရာကြီးဒေါက်တာကျော်မြင့်၊ သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနအပါအဝင် ခုနက ညှိနှိုင်းဆောင်ရွက်ပေးကြတဲ့ ပုဂ္ဂိုလ်အသီးသီးကိုလည်း မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ဒီလိုပဲ အနာဂတ်မိမိတို့ မြန်မာနိုင်ငံအတွက် ကျေးလက်နှင့်မြို့ပြ ကျန်းမာရေး၊ ပညာရေးကိစ္စအပါအဝင် လူမှုရေးကိစ္စများကိုလည်း အခုလိုပဲ ညှိညှိနှိုင်းနှိုင်းတင်ပြဆွေးနွေးဆောင်ရွက်ခြင်းအားဖြင့် တစ်ယောက်နှင့်တစ်ယောက် ယုံကြည်မှုတွေရရှိလာနိုင်ပြီး မိမိတို့နိုင်ငံတည်ဆောက်ရေးအတွက်လည်း များစွာအကျိုးရှိမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် မှတ်မိပါတယ်။ ဟုမ္မလင်းမဲဆန္ဒနယ်က ဦးအေးလည်း ဒီကိစ္စနှင့်ပတ်သက်လို့ အလေးထားတင်ပြခဲ့တာရှိပါတယ်။ အဲ့ဒီနည်းတူပဲကယားပြည်နယ်က ဒေါ်နန်းနွံလည်း ဒီကိစ္စနဲ့ပတ်သက်လို့ တင်ပြသလို ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်စသည်ဖြင့် တိုင်းရင်းသားတွေဘက်က ဒီလိုပဲ အလေးထားတင်ပြခဲ့တာရှိပါတယ်။ ဒီနေ့တော့ အားလုံးကြားတဲ့အတိုင်းပဲ ကချင်ပြည်နယ်က လွှတ်တော်ကိုယ်စားလှယ်က တင်ပြတဲ့ကိစ္စဖြစ်ပါတယ်။ သဘောကတော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတဲ့ကိစ္စမှာ ကျွန်တော်တို့ရဲ့ဆောင်ရွက်ချက်တွေက မျှတဖို့နဲ့ ပွင့်လင်းမြင်သာဖို့ တာဝန်ခံ၊ တာဝန်ဆောင်ရွက်ဖို့က အရေးကြီးပါတယ်။ လွှတ်တော်မှာတော့ လျှို့ဝှက်စရာမရှိပါဘူး။ အားလုံးပဲ ပွင့်ပွင့်လင်းလင်း ဆွေးနွေးညှိနှိုင်းပြီးတော့ နိုင်ငံအကျိုး၊ အများအကျိုးဆောင်ရွက်နေတာဖြစ်တဲ့အတွက် ဒီအတိုင်းပဲ လွှတ်တော်မှာတော့ ပွင့်ပွင့်လင်းလင်း တင်ပြသွားဖို့အတွက်လည်း ကျွန်တော့်အနေနဲ့ အမြဲတမ်း ဖိတ်ခေါ်လျက်ရှိပါတယ်။

**Normal Trade မှ တရားဝင်တင်သွင်းခွင့်ပြုထားသော (Cloud Point 8) စားအုန်းဆီသည် စားသုံးသူပြည်သူများအတွက် မည်သို့သော ကျန်းမာရေးဆိုးကျိုးများ ဖြစ်စေသည်ကို သိလိုသည်နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီးအောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီးမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဒေသကြီးအသီးသီးမှ ဝန်ကြီးချုပ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ရှေးဦးစွာ တောင်းဆုပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီးဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ စားသုံးသူပြည်သူများ၏ ကျန်းမာရေးအကျိုးအတွက် အောက်ပါမေးခွန်းကို မေးမြန်းခြင်းဖြစ်ပါတယ်။ စားသုံးသူပြည်သူလူထုစားသုံးရန် အတွက် စားအုန်းဆီ Cloud Point 8 ကို စီးပွားကူးသန်းဝန်ကြီးဌာနမှ တရားဝင်တင်သွင်းခွင့်ပြုနေ ပါတယ်။ တစ်လတစ်လလျှင် တန်ချိန် ၂၅၀၀၀ မှ ၃၀၀၀၀ ခန့်ထိ တင်သွင်းခွင့်ပြု၍ တင်သွင်းနေ ကြောင်း သိရှိရပါတယ်။ ယခင် ၂၀၁၁-၂၀၁၂ မတိုင်မီနှစ်များက နှစ်ပေါင်းများစွာ Cloud Point 10 အဆင့်ရှိတဲ့ စားအုန်းဆီတင်သွင်းခွင့်ပြုထားရာမှာ ယခုအချိန်မှာ ပို၍ အဆင့်မြင့်တဲ့ Cloud Point 8 ထက်အဆင့်မနိမ့်သော စားအုန်းဆီကို ပြောင်းလဲတင်သွင်းခွင့်ပြုထားပြီလို့ သိရှိရပါတယ်။ ယခုတင်သွင်းခွင့်ပြုထားတဲ့ Cloud Point 8 စားအုန်းဆီတွေကိုပင်လျှင် ပြည့်ဝဆီဖြစ်ခြင်း၊ Over Head ဖြစ်ခြင်းတို့ကြောင့် စားသုံးသူပြည်သူအတွက် ကျန်းမာရေးဆိုးကျိုးကိုဖြစ်စေတယ်လို့ သမားတော်ကြီးများရဲ့ သုံးသပ်ချက်ကို ကြားသိနေရပါတယ်။ ဒီအတွက်ကြောင့် ယခု Normal Trade Mark တရားဝင်တင်သွင်းခွင့်ပြုထားတဲ့ Cloud Point 8 စားသုံးသူပြည်သူများအတွက် မည်သို့သော ကျန်းမာရေးဆိုးကျိုးများဖြစ်စေသည်ကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ရှင်းလင်းဖြေကြားပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာဝင်းမြင့်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး၏ ကြယ်ပွင့်ပြမေးခွန်းအား ပြန်လည်ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ စားအုန်းဆီ စံချိန်စံညွှန်း များနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှာ စားအုန်းဆီတင်သွင်းခြင်း ဆိုင်ရာလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါတယ်။ အဲ့ဒီကျင်းပပွဲမှာ ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာနအနေနဲ့ ပြည်ပမှတင်သွင်းသော စားအုန်းဆီ၏ စံချိန် စံညွှန်းသတ်မှတ်ချက်ကို loading Value; 58-60, Cloud Point 8-10 Degree Centigrade အဖြစ် သတ်မှတ်ရန်သဘောထားမှတ်ချက်ပြု တင်ပြခဲ့ပါတယ်။

ဒီတင်ပြချက်အပေါ်မှာ တက်ရောက်လာကြတဲ့ ပညာရှင်များနဲ့တာဝန်ရှိသူများ ဆုံးဖြတ်ပြီး တော့ စားအုန်းဆီအရည်အသွေးသတ်မှတ်ချက်ကို Cloud Point 10˚ Centigrade Max အစား Cloud Point 8 Degree Centigrade Max ဖြင့်လည်းကောင်း၊ loading Value ကိုလည်း Min 58 မှ Max 60 အထိသာသတ်မှတ်ပြီး တင်သွင်းခွင့်လိုင်စင်ခွင့်ပြုမည်ဖြစ်ပါကြောင်း ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ၏ ၁၃-၆-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၀-၁/ စားအုန်းဆီ ၁၃၇ ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးဦးစီးဌာနကို ညှိနှိုင်းအကြောင်းကြားခဲ့ပါ တယ်။

ကျန်းမာရေးဝန်ကြီးဌာနအနေနှင့်လည်း ယင်းညှိနှိုင်းချက်အရ သွင်းကုန်လိုင်စင် လျှောက်ထား ရန် ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက်လျှောက်ထားလာမယ်ဆိုရင် စားအုန်းဆီများ ကို loading Value အနည်းဆုံး 58 နှင့် Cloud Point 8 Degree Celsius Max ရှိသော စားအုန်းဆီများကို သာတင်သွင်းခွင့်လိုင်စင်ထောက်ခံချက်ထုတ်ပေးလျက်ရှိပါတယ်။

စားအုန်းဆီရဲ့ အရည်အသွေးစံချိန်စံညွှန်းအား စစ်ဆေးရာမှာ Cloud Point တိုင်းတာတဲ့နေရာ မှာ အသုံးပြုတဲ့ တိုင်းတာတဲ့ ကိရိယာရဲ့ အရည်အသွေး၊ တိုင်းထွာတဲ့ ဓာတ်ခွဲဝန်ထမ်းရဲ့ ကျွမ်း ကျင်မှုအပေါ်မူတည်ပြီး အဖြေမှာကွဲပြားနိုင်တဲ့အတွက် စားအုန်းဆီရဲ့ အရည်အသွေးစံချိန်စံညွှန်းကို စစ်ဆေးရာမှာ အားပြုထိုက်တဲ့ စံချိန်စံညွှန်း Indicator တစ်ခုမဟုတ်ပါဘူး။ သို့သော်လည်းပဲ စားအုန်းဆီရဲ့ loading Value ကိုတိုင်းတာခြင်းသည် ယင်းစားအုန်းဆီရဲ့

အရည်အသွေးစံချိန်စံညွှန်းကို မှန်ကန်စွာ ထင်ဟပ်နိုင်စေပါတယ်။ ထို့အပြင် စားသုံးဆီသည် ပြည့်ဝဆီ သို့မဟုတ် မပြည့်ဝဆီ ဖြစ်ကြောင်း၊ ခွဲခြားသတ်မှတ်ရာမှာလည်း loading Value ကိုကြည့်ပြီးတော့ ကျွန်တော်တို့ ဆုံးဖြတ်တာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ စားသုံးဆီတစ်ခုရဲ့ loading Value နိမ့်မယ်ဆိုရင်၊ ပြည့်ဝဆီအုပ်စု အတွင်းမှာ ကျရောက်ပြီးတော့ loading Value များမယ်ဆိုရင်တော့၊ မပြည့်ဝဆီအဖြစ် သတ်မှတ်နိုင် ပါတယ်။ တစ်နည်းအားဖြင့် loading Value နည်းလေလေ၊ ပြည့်ဝဆီအဖြစ်သို့ ရောက်ရှိလေဖြစ်ပါ တယ်။ ကျန်းမာရေးရှုထောင့်မှကြည့်မယ်ဆိုရင်တော့ စားအုန်းဆီဟာ မပြည့်ဝဆီဖြစ်မယ်ဆိုရင် တစ်နည်းအားဖြင့် loading Value များမယ်ဆိုရင် ကျန်းမာရေးဆိုးကျိုးများ လျော့နည်းနိုင်တယ်လို့ ဒီလိုပဲ ကျွန်တော်တို့ယူဆရပါတယ်။ မြန်မာနိုင်ငံသို့တင်သွင်းသည့် စားအုန်းဆီများသည် loading Value 58 ရှိတဲ့ Refined Bleached Deodorized palm Oil(RBD Palm Oil) စားအုန်းဆီဖြစ်ပါတယ်။ loading Value 58 ထက်နည်းသောစားအုန်းဆီများကို တင်သွင်းခွင့် ထောက်ခံချက် ထုတ်ပေးခြင်းလုံးဝမရှိပါဘူး။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ FAO တို့ပူးပေါင်းဖွဲ့စည်းထားတဲ့ Codex Alimentarius Commission အဖွဲ့ရဲ့ စားအုန်းဆီ စံချိန်စံညွှန်း သတ်မှတ်ချက် ပြဋ္ဌာန်းချက်ထဲမှာ ခုနက ကျွန်တော် တင်ပြခဲ့တဲ့ RBD Palm Oil ဟာစား သုံးနိုင်သော ဆီထွက်သီးနှံစားအုန်းဆီအဖြစ် ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဆီထွက်သီးနှံ စားအုန်းဆီ တို့ရဲ့ loading Value များမှာ ဥပမာအားဖြင့် စားအုန်းဆီမှာ ၅၆ နှင့်အထက် နေကြာဆီမှာ ၁၁၈ နှင့် ၁၄၄ အတွင်း၊ ပဲပုပ်ဆီမှာ ၁၂၄ မှ ၁၃၉ အတွင်း၊ ဖွဲနုဆီမှာ ၉၀မှ ၁၁၅ အတွင်းတို့ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ စားအုန်းဆီနှင့်စပ်လျဉ်းပြီး သတိပြုဆင်ခြင်ဖွယ်ရာများကိုလည်း နေ့စဉ်ထုတ်သတင်းစာများမှာ အခါအားလျော်စွာ ထုတ်ပြန်ကြေညာပေးလျက်ရှိပါတယ်။ စားအုန်းဆီ များ စစ်ဆေးပေးရေးအတွက် တရားဝင်တင်ပြတောင်းခံခြင်းနှင့် တရားဝင်တင်သွင်းခြင်းတို့အတွက် အထက်တင်ပြခဲ့ပါ အချက်များနှင့်အညီ စစ်ဆေးထောက်ခံပေးလျက်ရှိပါတယ်။ စားသုံးတဲ့ဆီ ရွေးချယ် မှုကတော့ ကျွန်တော်တို့ ခုနကတင်ပြခဲ့တဲ့ပညာပေးအချက်များအပေါ်မှာ မူတည်ပြီးတော့ စားသုံးသူ တွေရဲ့ ပုဂ္ဂလိကရွေးချယ်မှုအပေါ်တွင်သာ မူတည်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**လစ်လပ်လျက်ရှိသောမဲဆန္ဒနယ်မြေများအတွက် လွှတ်လပ်၍တရားမျှတသောကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်မြေများအတွက် လွှတ်လပ်၍တရားမျှတသောကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအခါ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်/တိုင်းဒေသကြီးရဲ့လွှတ်တော်များအတွက် မဲဆန္ဒနယ်မြေများမှာ ကိုယ်စားလှယ်များ လစ်လပ်လျက်ရှိကြပါတယ်။ နိုင်ငံများရဲ့ရွေးကောက်ပွဲအစဉ်အလာအရ လစ်လပ်လျက်ရှိတဲ့နေရာများကို ကြားဖြတ်ရွေးကောက်ပွဲများကျင်းပလေ့ရှိပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေရဲ့ ပုဒ်မ ၈ မှာ လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ လွှတ်တော်ရွေးကောက်ပွဲ များကိုကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ကို ကော်မရှင်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များအဖြစ်ပြဋ္ဌာန်းထားပါတယ်။ ကော်မရှင်ရဲ့အဓိကတာဝန်မှာ ရွေးကောက်ပွဲများကျင်းပပေးခြင်းဖြစ်ကြောင်း ထင်ရှားနေပါတယ်။ ဒါကြောင့် လစ်လပ်လျက်ရှိတဲ့မဲဆန္ဒနယ်မြေများကို ကြားဖြတ်ရွေးကောက်ပွဲ ပြုလုပ်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲကော်ရှင်မှာ အဓိကတာဝန်ရှိတာကိုတွေ့ရှိရပါတယ်။ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၂ မှာ ပြည်သူကရွေးချယ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအားရွေးချယ်ပေးသည့်မဲဆန္ဒနယ်ကိုကိုယ်စားပြုပြီး ဂုဏ်ထူးဝိသေသနဲ့ ပြည့်စုံသော အများကလေးစားထိုက်သည့်ပုဂ္ဂိုလ်များဖြစ်သည့်အလျောက် သက်ဆိုင်ရာမဲဆန္ဒနယ်၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲရာတွင်လည်းကောင်း၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးကဏ္ဍတို့နှင့် စပ်လျဉ်း၍ ပြည်သူများ၏ သဘောထားဆန္ဒဖော်ဆောင်ရာတွင်လည်းကောင်း သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကဖြစ်စေ၊ အာဏာပိုင်ပုဂ္ဂိုလ်ကဖြစ်စေ၊ အလေးထားတိုင်ပင်အပ်သောပုဂ္ဂိုလ်များဖြစ်သည်ဟုမှတ်ယူရမည်လို့ပြဋ္ဌာန်းထားတာကိုလည်းတွေ့ရှိရပါတယ်။ ဒါကြောင့် လစ်လပ်လျက်ရှိတဲ့

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်များရဲ့ မဲဆန္ဒနယ်မြေများမှာဆိုရင် ပြည်သူ့ကိုယ်စားလှယ်လည်းမရှိ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည့်သူလည်းမရှိ၊ အုပ်ချုပ်ရေး၊ လူမှုစီးပွားရေးတို့နှင့်စပ်လျဉ်းပြီး ပြည်သူတို့ရဲ့ဆန္ဒကို ဖော်ဆောင်ပေးမည့်သူလည်းမရှိ၊ အာဏာပိုင်တို့က အလေးထားတိုင်ပင်အပ်တဲ့ပုဂ္ဂိုလ်လည်းမရှိ ဖြစ်နေတာကိုတွေ့ရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၉(က)တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ဖြစ်စေ၊ သက်ဆိုင်ရာဥပဒေနဲ့ဖြစ်စေမဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်လို့ နိုင်ငံသားများရဲ့မူလ အခွင့်အရေးများနှင့် တာဝန်များအဖြစ်ပြဋ္ဌာန်းထားတာလည်းရှိပါတယ်။ ဒါကြောင့် နိုင်ငံသားအခွင့် အရေးများမဆုံးရှုံးရအောင် ရွေးကောက်ပွဲကျင်းပပေးရန်လိုအပ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၉၉(က)တွင် လွှတ်တော်ရွေးကောက်ပွဲများကျင်းပခြင်း၊ (ခ)တွင် လွှတ်တော်ရွေးကောက်ပွဲ များကိုကြီးကြပ်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်းဆိုပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့တာဝန်များကိုပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့ညီညွတ်စေရန် ကြားဖြတ် ရွေးကောက်ပွဲကျင်းပပေးရန်အစီအစဉ်ရှိပါသလားလို့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်နိုင်ရေးအတွက် အချိန်ကာလအကန့်အသတ်တစ်ခုသတ်မှတ်ပြဋ္ဌာန်းပေး ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နောက်ထပ်မေးမယ့် မေးမြန်းမှုကလည်း ဒီအကြောင်းအရာနဲ့ဆက်စပ်တဲ့ အတွက် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ဦးစွာ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်မေးခွန်းနှင့်ပတ်သက်ပြီးတော့ အချက် ၂ ချက်ကိုတင်ပြလိုပါတယ်။ ပထမအချက်က ကိုယ်စားလှယ်မဲ့နေတဲ့ လွှတ်တော်ကိုယ်စားလှယ်မရှိတဲ့ဒေသတွေရဲ့ဖွံ့ဖြိုးတိုတက်ရေး ပြဿနာအခက်အခဲတွေကို ကူညီဖြေရှင်းပေးမည့်၊ လွှတ်တော်မှာတင်ပြပေးမည့် ပုဂ္ဂိုလ်မရှိတဲ့အတွက် ဒေသခံပြည်သူတွေအနေနဲ့ နစ်နာခြင်းဖြစ်ပါတယ်။ ဥပမာပြောရမယ်ဆိုရင် ရခိုင်ပြည်နယ်၊

မင်းပြားမြို့နယ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်သာ ကွယ်လွန်အနိစ္စရောက်သွားပါတယ်။ အဲ့ဒီနောက်ပိုင်းမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စောဖြူလည်း ကွယ်လွန်အနိစ္စရောက်သွားတဲ့အတွက်နဲ့ အဲ့ဒီဒေသရဲ့အခက်အခဲတွေ၊ ပြဿနာတွေ၊ ဖွံ့ဖြိုးတိုးတက်ရေးတွေကို တင်ပြပေးမည့်ပုဂ္ဂိုလ်မရှိတဲ့အတွက် တခြား ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တွေကို လှမ်းပြီး အကူအညီတောင်းနေရတဲ့အပိုင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒီလိုအကြာကြီးလျစ်လျူရှုထားခြင်းအားဖြင့် အဲ့ဒီဒေသရဲ့ဖွံ့ဖြိုးတိုးတက်ရေး၊ အစစအရာရာဟာ အခွင့်အရေးဆုံးရှုံးတယ်ဆိုတဲ့သဘောကို ပထမနံပါတ်တစ်အချက်အနေနဲ့ ကျွန်တော်ပြောလိုပါတယ်။ နံပါတ်နှစ်အချက်အနေနဲ့က ဒီလိုလုပ်တဲ့အခါမှာ ကြားဖြတ်ရွေးကောက်ပွဲတွေလုပ်တဲ့အခါမှာ မူရယ်၊ လုပ်ငန်းစဉ်ရယ်၊ လုပ်ထုံးလုပ်နည်းတွေရယ်ရှိသင့်ပါတယ်။ အဲ့ဒီလိုမရှိခဲ့လို့ရှိရင် ပြည်သူတွေကလည်း အဲ့ဒီအပေါ်မှာ သို့လော သို့လောတွေးတောပြီးတော့ ဒီကော်မရှင်ရဲ့လုပ်ရပ်တွေအပေါ်မှာအထင်သေး၊ အမြင်သေးဖြစ်လာပါတယ်။ အဲ့ဒီလို ကော်မရှင်ရဲ့ ဒီလိုဥပဒေ၊ နည်းဥပဒေတွေမှာ ဒါတွေကို အတိအလင်းထည့်သွင်းပေးထားမယ်ဆိုရင် ပြည်သူအားလုံးနားလည်သဘောပေါက်ပြီး ရှင်းရှင်းလင်းလင်း လက်ခံလာနိုင်ကြမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေအပိုဒ် ၈၉ မှာ လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ခဲ့လျှင် ဥပဒေနဲ့အညီ အစားထိုးရွေးကောက်ရမည်လို့ ဖော်ပြထားတာကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ဒါပေမယ့် အဲ့ဒီရွေးကောက်ပွဲနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများမှာတော့ ဒါ တစ်လုံးတစ်ပါဒမှပြန်လည်ဖော်ပြထားတာမတွေ့ရပါဘူး။ အမှန်က ကြားဖြတ်ရွေးကောက်ပွဲတွေနှင့်ပတ်သက်ပြီး အချိန်အကန့်အသတ်တစ်ခုထားသင့်ပါတယ်။ ရေးဆွဲဖော်ပြထားသင့်ပါတယ်။ တစ်နှစ်တစ်ကြိမ်လုပ်မလား။ ဒါမှမဟုတ် လွှတ်တော်သက်တမ်း ၅ နှစ်အတွင်းမှာ ဘယ်နှစ်ကြိမ်လုပ်မလဲ။ ဒါမှမဟုတ် လွှတ်တော်ကိုယ်စားလှယ်ဦးရေ ဘယ်လောက်လစ်လပ်တဲ့အခါမှာလုပ်မလဲဆိုတဲ့ သတ်သတ်မှတ်မှတ်ကန့်သတ်ချက်တွေရှိခြင်းအားဖြင့် ပြည်သူတွေအနေနဲ့လည်း ရှင်းရှင်းလင်းလင်းမြင်သာနိုင်သလိုနိုင်ငံရေးပါတီတွေအနေနဲ့လည်း အဲ့ဒီအပေါ်မှာ သူတို့ရဲ့လုပ်ဆောင်စရာရှိတာကိုကြိုတင်လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် အချိန်ဇယားတွေကိုရေးဆွဲပြီးတော့ ဥပဒေ၊ နည်းဥပဒေမှာသတ်သတ်မှတ်မှတ်ဖော်ပြသင့်တယ်ဆိုတာကို တင်ပြခြင်းဖြစ်ပါတယ်။ ဒီ ၂၀၁၀ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာလမှာလုပ်တယ်။ ၂၀၁၂ ဧပြီလမှာ ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲကို လုပ်ပါတယ်။ တစ်နှစ်ခွဲ လောက်ကြာ တစ်ခါလုပ်တာပါ။ အခု ပထမအကြိမ်ကြားဖြတ်ရွေးကောက်ပွဲက

၁ နှစ်နှင့် ၂ လရှိပါပြီ။ အခုအထိ ဟိုလူပြော ဒီလူပြောပဲ ဘယ်လ၊ ဘယ်နေ့မှာလုပ်မယ်ဆိုတာ ကျွန်တော်တို့သိရတာဖြစ်ပါတယ်။ ရွေးကောက်ပွဲကော်မရှင်အနေနဲ့ကတော့ ဒုတိယအကြိမ်ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်လို့ တစ်လုံးတစ်ပါဒမှပြောဆိုတာ ကျွန်တော်တို့မသိရသေးပါဘူး။ အဲ့ဒါကို ပြည်သူအားလုံးသိချင်ကြပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာမှသိမယ်ဆိုတဲ့ပုံစံမျိုးမဟုတ်ဘဲ ဥပဒေ၊ နည်းဥပဒေတွေမှာ အဲ့ဒီအချိန်ကန့်သတ်ချက်ကို ထည့်သွင်းရေးဆွဲသင့်ပါတယ်ဆိုတဲ့အကြောင်းကို တင်ပြခြင်းဖြစ်ပါတယ်။ အဲ့ဒါကြောင့် လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏အကျိုးကိုမျှော်ကိုးပြီး အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်-

(၁) ပထမအကြိမ်ကြားဖြတ်ရွေးကောက်ပွဲအပြီး လစ်လပ်လျက်ရှိသော ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်၌ လစ်လပ်နေသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်နှင့် မဲဆန္ဒနယ်စာရင်း၊ ပြည်ထောင်စုလွှတ်တော်ရဲ့ လစ်လပ်နေတဲ့လွှတ်တော်ကိုယ်စားလှယ်အရေအတွက်နှင့် မဲဆန္ဒနယ်စာရင်းကိုသိရှိလိုပါတယ်။

(၂) ဒုတိယအကြိမ်ကြားဖြတ်ရွေးကောက်ပွဲအား လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် လုပ်ပေးမည်ဆိုပါက မည်သည့်နေ့ရက်တွင် လုပ်ပေးမည်ကိုလည်းကောင်း၊ မလုပ်ပေးနိုင်ပါက မည်သည့်အတွက် ကြောင့်ဖြစ်သည်ကိုလည်းကောင်းသိရှိလိုပါတယ်။

(၃) ကြားဖြတ်ရွေးကောက်ပွဲကို ပြုလုပ်နိုင်ရန်အတွက် အချိန်ကာလအကန့်အသတ်တစ်ခု သတ်မှတ်ပြဋ္ဌာန်းပေးရန်အစီအစဉ်ရှိ/မရှိ။ ဥပဒေ၊ နည်းဥပဒေများမှာရေးဆွဲပြဋ္ဌာန်းဖို့ အစီအစဉ်ရှိ/မရှိဖြေကြားပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်နှင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းတို့ရဲ့ မေးခွန်းများကို ရွေးကောက်ပွဲကော်မရှင်မှ ပြန်လည်ဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးတင်အေး(ဥက္ကဋ္ဌ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့တက်ရောက် မေးခွန်းများကို ဖြေကြားပေးတဲ့ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အစည်းအဝေးသို့တက်ရောက်လာတဲ့ ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ပုသိမ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ဦးဝင်းမြင့်မေးထားတာကတော့ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်မြေများ အတွက် လွတ်လပ်၍တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲကျင်းပပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ လို့မေးမြန်းထားပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကို ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပပေးခဲ့ပြီး ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၂၅ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်မဲဆန္ဒနယ် ၆၆၁ နေရာတို့တွင် ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောင်မြင်စွာကျင်းပ ပေးခဲ့ပြီးဖြစ်ပါတယ်။ ထိုသို့ ရွေးကောက်ပွဲများကျင်းပပေးခဲ့ပြီးနောက် အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်သွားတဲ့ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၄၀ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၆ နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၂ နယ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပရန်စီစဉ်ခဲ့သော်လည်း ကချင်ပြည်နယ်ရှိ ဖားကန့်မြို့နယ်၊ ဗန်းမော်မြို့နယ်နှင့် မိုးကောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃ နယ်တို့တွင် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိတဲ့အတွက် ထိုမဲဆန္ဒနယ် ၃ နယ်ကို ခေတ္တ ဆိုင်းငံ့ထားခဲ့ပြီး ကျန်မဲဆန္ဒနယ် ၄၅ နယ်တို့တွင် ရွေးကောက်ပွဲများကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က အောင်မြင်စွာကျင်းပပေးခဲ့ပါတယ်။ ယခုအခါ သက်ဆိုင်ရာလွှတ်တော်များက အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော လွှတ်တော်မဲဆန္ဒနယ်များစာရင်းကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားပေးပို့လာပါတယ်။ ယင်းတို့မှာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၆ နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၄ နယ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ၅ နယ်တို့ဖြစ်ပါတယ်။ အဆိုပါလစ်လပ်လျက်ရှိသော လွှတ်တော်မဲဆန္ဒနယ်တို့ရဲ့လစ်လပ်မှု အခြေအနေတွေကို သက်ဆိုင်ရာလွှတ်တော်အလိုက်ရှိသော လွှတ်တော်ကိုယ်စားလှယ်ဦးရေဖြင့် အချိုးကျနှိုင်းယှဉ်ပါက ပြည်သူ့လွှတ်တော်တွင် ၁.၈၆ ရာခိုင်နှုန်း၊ အမျိုးသားလွှတ်တော်တွင် ၂.၃၈ ရာခိုင်နှုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်တွင် ၀.၇၅ ရာခိုင်နှုန်း လစ်လပ်လျက်ရှိပါတယ်။ လစ်လပ်လျက်ရှိသော တိုင်းဒေသကြီးမှာ ရေကြည်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)ဖြစ်ပြီး ပြည်နယ်လွှတ်တော်များမှာ ဝိုင်းမော်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)၊ ဝွမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)၊ မိုင်းယောင်းမြို့နယ် ပြည်နယ် လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)နှင့် တာချီလိတ်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)တို့

ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၁ တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနေရာ အချို့လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကိုဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ တွင် လွှတ်တော်တွင် တစ်စုံတစ်ရာသော အကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ရမည်ဟုလည်းပြဋ္ဌာန်းပါတယ်။ ထို့အတူ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂ (ဇ)တွင် ကြားဖြတ်ရွေးကောက်ပွဲဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွင်း မဲဆန္ဒနယ်တစ်ခုခု၌ ရွေးကောက်ပွဲရွှေ့ဆိုင်းထားခြင်းကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးနုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခံရခြင်းကြောင့်ဖြစ်စေ၊ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်ကသတ်မှတ်ကျင်းပပေးသည့် ရွေးကောက်ပွဲကိုဆိုလိုသည်ဟုပြဋ္ဌာန်းထားပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လစ်လပ်မှုရှိတိုင်း ကြားဖြတ်ရွေးကောက်ပွဲကိုကျင်းပခြင်းမပြုဘဲ သင့်လျော်သော လစ်လပ်မဲဆန္ဒနယ်အရေအတွက်အတွင်း အခါအားလျော်စွာ ကြားဖြတ်ရွေးကောက်ပွဲများကို သတ်မှတ်ကျင်းပပေးရန်စီစဉ်ထားရှိပါတယ်။ ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ်အတွင်းကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား လွတ်လပ်၍တရားမျှတစွာဖြင့် ကျင်းပပြုလုပ်ပေးနိုင်ရန်အတွက် အဓိကကျသောကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဖြစ်တဲ့ မဲစာရင်းများပြုစုခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးရန်ပြုစုခြင်း၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် သင်တန်းများပေးရန် ကြိုတင်ပြင်ဆင်ခြင်းစသည်တို့ကို နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနအချို့မှ ဌာနဆိုင်ရာများဖြင့်ညှိနှိုင်း၍ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အနည်းငယ်သာလစ်လပ်လျက်ရှိသော မဲဆန္ဒနယ်မြေများအတွက် လွတ်လပ်၍တရားမျှတသော ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပပေးရန် လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး မြေပုံမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားပေးသွားမှာပဲဖြစ်ပါတယ်။ ကျွန်တော်ရရှိထားတဲ့ ဦးဖေသန်းရဲ့ကြယ်ပွင့်ပြမေးခွန်းကတော့-

(၁) ပထမအကြိမ်ကြားဖြတ်ရွေးကောက်ပွဲအပြီး လစ်လပ်လျက်ရှိသော ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်၌ လစ်လပ်နေသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်နှင့် မဲဆန္ဒနယ်စာရင်း၊ ပြည်ထောင်စုလွှတ်တော်၌ လစ်လပ်နေသော ကိုယ်စားလှယ်အရေအတွက် နှင့် မဲဆန္ဒနယ်စာရင်းများကိုသိလိုပါတယ်။

(၂) ဒုတိယအကြိမ်ကြားဖြတ်ရွေးကောက်ပွဲအား လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် လုပ်ပေးမည်ဆိုပါက မည်သည့်နေ့ရက်တွင်လုပ်ပေးမည်ကိုလည်းကောင်း၊ မလုပ်ပေးနိုင်ပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကိုလည်းကောင်းသိရှိလိုပါသည်။

(၃) ကြားဖြတ်ရွေးကောက်ပွဲကို ပြုလုပ်နိုင်ရန်အတွက် အချိန်ကာလအကန့်အသတ်တစ်ခု သတ်မှတ်ပြဋ္ဌာန်းပေးရန်အစီအစဉ်ရှိ/မရှိဟူ၍ဖြစ်ပါသည်။

မေးခွန်း(၁)နှင့်စပ်လျဉ်း၍ ပထမအကြိမ်ကြားဖြတ်ရွေးကောက်ပွဲအပြီး လစ်လပ်လျက်ရှိသော လွှတ်တော်ကိုယ်စားလှယ်အရေအတွက်နှင့် မဲဆန္ဒနယ်များမှာအောက်ပါအတိုင်းဖြစ်ပါတယ်-

**ပြည်နယ်နှင့် တိုင်းလွှတ်တော်ကိုယ်စားလှယ်ဦးရေ**

(၁) ကချင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၊ ဝိုင်းမော်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)

(၂) ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၊ ဂွမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)

(၃) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂ ဦး၊ တာချီလိတ်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၊ မိုင်းယောင်းမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)

(၄) ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၁ ဦး၊ ရေကြည်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)ဖြစ်ပါတယ်။

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်ဦးရေ**

(၁) ပြည်သူ့လွှတ်တော်မှာ ၆ ဦး၊ လစ်လပ်လျက်ရှိတဲ့ လွှတ်တော်မဲဆန္ဒနယ်ကတော့ ဟားခါးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ကံမမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ရေနံချောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ မင်းပြားမြို့နယ် ပြည်သူ့လွှတ်တော်

မဲဆန္ဒနယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ပန်းတနော်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တို့ပဲဖြစ်ပါတယ်။

(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၄ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)၊ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၆)၊ ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၄)။

မေးခွန်း(၂)နှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၁ တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအချို့လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၈၉ တွင် လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုးရွေးကောက်တင်မြှောက်ရမည်ဟုပြဋ္ဌာန်းပါတယ်။ ထို့အတူ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂ (ဇ)တွင် ကြားဖြတ်ရွေးကောက်ပွဲဆိုသည်မှာ လွှတ်တော်ပုံမှန်သက်တမ်းတစ်ရပ်အတွင်း မဲဆန္ဒနယ်တစ်ခုခု၌ ရွေးကောက်ပွဲရွှေ့ဆိုင်းထားရခြင်းကြောင့်ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဦးနုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ ဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှရပ်စဲခံရခြင်း သို့မဟုတ် တာဝန်မှရုပ်သိမ်းခံရခြင်းကြောင့်ဖြစ်စေ၊ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် အခါအားလျော်စွာ ကော်မရှင်ကသတ်မှတ်ကျင်းပသည့် ရွေးကောက်ပွဲကိုဆိုလိုသည်ဟုပြဋ္ဌာန်းထားပါတယ်။ သို့ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လစ်လပ်မှုရှိတိုင်း ကြားဖြတ်ရွေးကောက်ပွဲကိုကျင်းပပေးခြင်းမပြုဘဲ သင့်လျော်သောလစ်လပ်မဲဆန္ဒနယ် အရေအတွက်အတိုင်း အခါအားလျော်စွာကြားဖြတ်ရွေးကောက်ပွဲများကို ကျင်းပပေးရန်စီစဉ်ထားရှိပါတယ်။

မေးခွန်း(၃)နှင့်စပ်လျဉ်း၍ ကြားဖြတ်ရွေးကောက်ပွဲပြုလုပ်နိုင်ရေးအတွက် အချိန်ကာလ၊ အကန့်အသတ် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမျိုးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများတွင်လည်းကောင်း ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိပါ။ အချို့သောနိုင်ငံများ၌ ကြားဖြတ်ရွေးကောက်ပွဲများကို ပြုလုပ်နိုင်ရေးအတွက် အချိန်ကာလ အကန့်အသတ်များသတ်မှတ်ပြဋ္ဌာန်းထားခြင်းများရှိကြောင်း လေ့လာသိရှိရပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြည်ထောင်စုလွှတ်တော်က ကြားဖြတ်ရွေးကောက်ပွဲများပြုလုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေများတွင် အချိန်ကာလ၊ အကန့်အသတ်သတ်မှတ်ပြဋ္ဌာန်းပေးပါက

သတ်မှတ်ပြဋ္ဌာန်းပေးသောဥပဒေများနှင့်အညီ ကြားဖြတ်ရွေးကောက်ပွဲများကို သတ်မှတ်ကာလအတွင်း ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကြီး ဖြေကြားသွားတာ ပြည့်စုံသလို ဦးဖေသန်း မေးမြန်းစဉ်ကလည်း ရွေးကောက်ပွဲ ကော်မရှင်တင်မကဘဲနဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်ပတ်သက်ပြီးတော့ ဆွေးနွေးသွားတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဆွေးနွေးသွားတဲ့ပုဂ္ဂိုလ်ကိုအကြောင်းပြုပြီး ပြည်သူ့လွှတ်တော်ဥပဒေ၊ နည်းဥပဒေနဲ့ပတ်သက်ပြီးတော့ ပြန်လည်လေ့လာသုံးသပ်ပြီး သက်ဆိုင်ရာရဲ့ အကြံပြုချက်ပေါ်မူတည်ပြီးတော့ ဥပဒေများ ပြန်လည်ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများလည်း ဆောင်ရွက်နိုင်ပါတယ်။ ဥပဒေပြဋ္ဌာန်းဖို့ကိစ္စက မိမိတို့လွှတ်တော်ရဲ့ အဓိကတာဝန်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပိုမိုကောင်းမွန်သော၊ ပြည့်စုံသော ဥပဒေများဖြစ်ရေးအတွက် အသီးသီးသောလွှတ်တော်ကိုယ်စားလှယ်များမှာ တာဝန်ရှိသလို လွှတ်တော်မှာ တာဝန်ရှိတယ်ဆိုတဲ့ အသိနဲ့လည်း ဆက်လက်လုပ်ဆောင်သွားဖို့လိုပါမယ်။

**အစိုးရဝန်ထမ်းများအပါအဝင် ဥပဒေပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများကို ဘာသာရပ်ဆိုင်ရာ၊ အစိတ်အပိုင်းဆိုင်ရာ၊ ကျွမ်းကျင်မှုဆိုင်ရာများနှင့် ပတ်သက်၍ မွမ်းမံသင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လာရောက်လေ့လာတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မမေးမယ့် မေးခွန်း မေးမြန်းရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ လက်ရှိနိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အမှန် တကယ်လိုအပ်တဲ့ ကိစ္စရပ်လည်းဖြစ်နေတယ်လို့ ကျွန်မအနေနဲ့ယူဆတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်မတို့မြန်မာနိုင်ငံမှာအာဏာကြီး ၃ ရပ်အနေနဲ့ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ကဏ္ဍမှာလည်း အခုကိစ္စတွေဟာ အရေးကြီးတယ်လို့ ကျွန်မအနေနဲ့ ယူဆတဲ့အတွက် မေးမြန်းရတဲ့ မေးခွန်းများဖြစ်ပါတယ်။ အဲဒီတော့ မေးခွန်းနံပါတ်(၁)အနေနဲ့ အစိုးရဝန်ထမ်းအပါအဝင်

ဥပဒေပညာရပ်အဖြစ် အသက်မွေးဝမ်းကျောင်းပြုနေသူများကို ဘာသာရပ် ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှင့်စပ်လျဉ်းတဲ့ မွမ်းမံသင်တန်းများဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ။ နံပါတ် (၂)အနေနဲ့ ဥပဒေဘွဲ့ ရထားတဲ့သူတွေ မိမိတို့သင်ကြားထားတဲ့ ပညာရပ်များကို အသုံးချနိုင်ရေးအတွက် အထောက်အကူပြု မယ့် ကျွမ်းကျင်မှုဆိုင်ရာ ဘာသာရပ်များပို့ချပေးတဲ့ သင်တန်းများ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ။ နံပါတ်(၃) မေးခွန်းကတော့ တက္ကသိုလ်မှာ ဥပဒေပညာ သင်ကြားနေကြတဲ့ ကျောင်းသူ ကျောင်းသား များကို ဥပဒေရေးဆွဲရေး၊ တရားစီရင်ရေး၊ အမှုများ လိုက်ပါဆောင်ရွက်ရေး ပြည်တွင်း၊ ပြည်ပစာချုပ်စာတမ်းများ ချုပ်ဆိုရေးစတဲ့ ကဏ္ဍအလိုက် စိတ်ကြိုက်ဘာသာရပ်များ ခွဲခြားပြီး တတိယ နှစ်ကစပြီး စာတွေ့နှင့်လက်တွေ့ပေါင်းစပ်သင်ကြား ပေးရန် အစီအစဉ်ရှိ/မရှိ။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် မည်သည့်စာသင်နှစ်တွင် စတင်နိုင် ပါမည်ကို သိလိုပါတယ်ရှင်။ ကျေးဇူးတင်ပါ တယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာချမ်းသာပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ကျွန်တော် ဒုတိယ ရှေ့နေချုပ် ဦးထွန်းထွန်းမှ ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူရဲ့ မေးခွန်းမှာပါဝင်တဲ့ အစိုးရဝန်ထမ်းအပါအဝင် ဥပဒေဘာသာရပ်နှင့် အသက်မွေးဝမ်းကျောင်းနေသူများကို ဘာသာရပ်ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်းတဲ့ မွမ်းမံ သင်တန်းများဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့နေရာမှာ ဥပဒေဘွဲ့ရရှိပြီးတော့ ဥပဒေအရာရှိ အဖြစ်တာဝန်ထမ်းဆောင်နေတဲ့သူတွေ၊ အခြားဝန်ကြီးဌာနများမှာရှိတဲ့ ဥပဒေနှင့် သက်ဆိုင်တဲ့ ဌာနခွဲ တွေမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့သူတွေနဲ့ ပြင်ပမှာ ဥပဒေပညာရပ်နဲ့ အသက်မွေး ဝမ်းကျောင်းပြုနေတဲ့သူတွေအားလုံး အကျုံးဝင်ပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာ ဥပဒေ အရာရှိအဖြစ် တာဝန်ထမ်းဆောင်နေသူများနှင့်ပတ်သက်လို့တော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးအဖြစ် ဖွဲ့စည်းခြင်းမပြုမီ ဗဟိုဥပဒေရုံး၊ ရှေ့နေချုပ်ရုံးလို့ ဖွဲ့စည်းဆောင်ရွက်တဲ့ ကာလကပင် ဥပဒေအရာရှိအဆင့် ၄ (အစမ်းခန့်)များအဖြစ် ခန့်အပ်ခြင်းခံရတဲ့သူတွေ၊ ဥပဒေရုံးအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဥပဒေအရာရှိတွေနဲ့ ဥပဒေရုံးအဆင့်ဆင့်မှာရှိတဲ့ဝန်ထမ်းတွေကို

လေ့ကျင့်ရေးနှင့် အရည်အသွေးမြှင့်တင်ရေးတို့အတွက် သင်တန်းအသီးသီး ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုရှေ့နေချုပ်ဥပဒေအရ ပြည်ထောင်စုရှေ့နေချုပ်ရုံးအနေနဲ့ အခြားဌာနမှ ဥပဒေဘွဲ့ရတွေနဲ့ ဥပဒေပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူကို လေ့ကျင့်သင်ကြားပေးဖို့ တာဝန်မရှိပေမယ့်လို့ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းတွေက ဖွင့်လှစ်တဲ့သင်တန်းတွေမှာ ပြည်ထောင်စုရှေ့နေချုပ်ရုံးက အရာရှိတွေက သက်ဆိုင်ရာဘာသာရပ်တွေအလိုက် သွားရောက်သင်ကြားပို့ချခြင်းဖြင့် အစိုးရဝန်ထမ်းတွေရဲ့ အရည်အသွေး တိုးတက်မြင့်မားရေးကို ကူညီဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့သင်တန်းပို့ချခြင်းနှင့်စပ်လျဉ်းပြီးတော့ ၂၀၁၁ ခုနှစ်မှာ သင်တန်း ၂၈ ခု၊ ၂၀၁၂ ခုနှစ်မှာ သင်တန်း ၄၀ ခု၊ ၂၀၁၃ ခုနှစ်မှာ သင်တန်း ၁၅ ခု၊ စုစုပေါင်း သင်တန်း ၈၃ ခုမှာ သွားရောက်ပို့ချခဲ့ပါတယ်။ ဒါ့အပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖွင့်လှစ်တဲ့ ဥပဒေအရာရှိ အဆင့် ၄ (အစမ်းခန့်) လုပ်ငန်းခွင်သင်တန်းမှာလည်း အခြားဝန်ကြီးဌာနတွေက ဥပဒေဘွဲ့ရဝန်ထမ်းတွေကို လက်ခံပြီး သင်ကြားပို့ချပေးပါတယ်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာ စီမံခန့်ခွဲရေးဌာန၊ လေ့ကျင့်ရေးနှင့်သတင်းအချက်အလက်နည်းပညာဌာနခွဲကို ဖွင့်လှစ်ထားရှိပြီးတော့ ဌာနတွင်း လေ့ကျင့်သင်ကြားမှုတွေကိုလည်း ရှေ့နေချုပ်နည်းဥပဒေများရဲ့ နည်းဥပဒေ ၁၂၉ နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဥပဒေအရာရှိများ အရည်အသွေးတိုးတက်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှာ သင်တန်းများဖွင့်လှစ်၍လည်းကောင်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဦးဆောင်ပြီးတော့ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပပြုလုပ်ပြီးတော့လည်းကောင်း လေ့ကျင့်ပေးလျက်ရှိပါတယ်။

ပြည်ထောင်စုရှေ့နေချုပ်ရုံးက ဖွင့်လှစ်တဲ့သင်တန်းတွေဟာ ဥပဒေအရာရှိအဆင့် ၄ (အစမ်းခန့်) တွေအတွက် လုပ်ငန်းခွင်သင်တန်းတွေ၊ ဥပဒေအရာရှိတွေ၊ မွမ်းမံသင်တန်းတွေ၊ ဥပဒေရေးဆွဲခြင်းဆိုင်ရာ ရက်တိုသင်တန်းတွေနဲ့ ဥပဒေဆိုင်ရာ အင်္ဂလိပ်စာသင်တန်းတွေပဲ ဖြစ်ပါတယ်။ ဥပဒေအရာရှိအဆင့် ၄ (အစမ်းခန့်) တွေ လုပ်ငန်းခွင်သင်တန်းမှာ ဥပဒေအရာရှိအဆင့် ၄ အဖြစ် အစမ်းခန့်အပ်ခြင်းခံရတဲ့ ဥပဒေဘွဲ့နှင့် မဟာဥပဒေဘွဲ့ရရှိသူတွေကို သက်ဆိုင်ရာ မြို့နယ်အသီးသီးကို တာဝန်ပေးစေလွှတ်ခြင်းမပြုမီမှာ တက္ကသိုလ်မှာ သင်ကြားခဲ့တဲ့ ဥပဒေပညာ ဘာသာရပ်တွေကို လက်တွေ့ကျင့်သုံးဆောင်ရွက်ရာမှာ အထောက်အကူဖြစ်စေဖို့အတွက် လိုအပ်တဲ့ ဥပဒေအကြံဉာဏ်ပေးခြင်းဆိုင်ရာ ဘာသာရပ်ကိုလည်းကောင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းဆိုင်ရာ ဘာသာရပ်ကိုလည်းကောင်း၊ လက်တွေ့တရားခွင်ပုံစံဖြင့် လေ့ကျင့် သင်ကြားခြင်းကိုလည်းကောင်း၊

စီမံရေးရာနှင့် ငွေစာရင်းဘာသာရပ်ကိုလည်းကောင်း စာတွေ့၊ လက်တွေ့ဖြင့် တစ်ကြိမ်လျှင် သင်တန်းကာလ ၃ လသတ်မှတ်ပြီးတော့ ဖွင့်လှစ်ပို့ချလေ့ကျင့်ပေးလျက်ရှိပါတယ်။

မွမ်းမံသင်တန်းတွေကိုလည်း ဥပဒေရုံးအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ မြို့နယ်ဥပဒေအရာရှိနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိတွေကို အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် တစ်ကြိမ်လျှင် သင်တန်းကာလ ၂ လနှင့် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ ဥပဒေရေးဆွဲခြင်းဆိုင်ရာ ရက်တိုသင်တန်းကို ဒုတိယတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိတွေ၊ ဒုတိယညွှန်ကြားရေးမှူးတွေ၊ ခရိုင်ဥပဒေအရာရှိတွေ၊ လက်ထောက်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေအရာရှိတွေ၊ ဒုတိယခရိုင်ဥပဒေအရာရှိတွေနဲ့ လက်ထောက်ညွှန်ကြားရေးမှူးတွေကို တစ်ကြိမ်လျှင် သင်တန်းကာလ ရက်သတ္တနှစ်ပတ်ဖြင့် ဖွင့်လှစ်ပို့ချပေးပါတယ်။ ဥပဒေဆိုင်ရာ အင်္ဂလိပ်စာသင်တန်း ပြည်ထောင်စုရှေ့နေချုပ်နဲ့ အဆင့်ဆင့်သော ဥပဒေရုံးများမှ ဥပဒေအရာရှိတွေကို တစ်ကြိမ်လျှင် သင်တန်းကာလတစ်လဖြင့် ဖွင့်လှစ်ပို့ချပါတယ်။ ၁-၄-၂၀၁၁ ရက်နေ့မှစပြီး ယနေ့အထိ ဥပဒေအရာရှိ အဆင့် ၄ (အစမ်းခန့်) တွေ လုပ်ငန်းခွင်သင်တန်း ၂ ကြိမ်၊ ဥပဒေအရာရှိများ မွမ်းမံသင်တန်း ၁ ကြိမ်၊ ဥပဒေရေးဆွဲခြင်းဆိုင်ရာ ရက်တိုသင်တန်း ၂ ကြိမ်နဲ့ အင်္ဂလိပ်စာ သင်တန်း ၁ ကြိမ်တို့ ဖွင့်လှစ်ပို့ချနိုင်ခဲ့ပါတယ်။ ဥပဒေရေးရာနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ ဗဟုသုတများ ရရှိနိုင်ရေးအတွက် ပြည်တွင်မှဥပဒေပညာရှင်များနှင့် နိုင်ငံအသီးသီးမှ ဥပဒေပညာရှင်များ တက်ရောက်နေသော အစည်းအဝေများနှင့်အလုပ်ရုံဆွေးနွေးပွဲများကို ပြည် ထောင်စုရှေ့နေချုပ်ရုံးက ကြီးမှူးပြီးတော့ ၂၀၁၁ ခုနှစ်မှာ ၃ ကြိမ်၊ ၂၀၁၂ ခုနှစ်မှာ ၂ ကြိမ်၊ ၂၀၁၃ ခုနှစ်မှာ ၈ ကြိမ်၊ စုစုပေါင်း ၁၃ ကြိမ်ပြုလုပ်ခဲ့ပါတယ်။ ဥပဒေရေးရာ အရည်အသွေး မြင့်မားစေဖို့အတွက်လည်း ပြည်တွင်း၊ ပြည်ပဆွေးနွေးပွဲတွေ၊ အစည်းအဝေးနှင့်သင်တန်းတွေကို အရာရှိတွေကို စေလွှတ်လျက်ရှိရာမှာ ၂၀၁၁ ခုနှစ်မှာ ပြည်ပနိုင်ငံ ၁၈ နိုင်ငံမှာ ပြုလုပ်တဲ့ ဆွေးနွေးပွဲအစည်းအဝေးနှင့် သင်တန်းတွေကို အရာရှိ ၈၀ ဦးကိုလည်းကောင်း၊ ၂၀၁၂ ခုနှစ်အတွင်းမှာ ပြည်ပနိုင်ငံ ၁၈ နိုင်ငံမှာ ပြုလုပ်တဲ့ ဆွေးနွေးပွဲအစည်းအဝေးနှင့်သင်တန်းတွေကို အရာရှိ ၇၉ ဦးကိုလည်းကောင်း၊ ၂၀၁၃ ခုနှစ်အတွင်းမှာ ပြည်ပနိုင်ငံ ၉ နိုင်ငံမှာ ပြုလုပ်တဲ့ ဆွေးနွေးပွဲအစည်းအဝေးနှင့် သင်တန်းတွေကို အရာရှိ ၃၃ ဦးကိုလည်းကောင်းစေလွှတ်နိုင်ခဲ့ပါတယ်။

တက္ကသိုလ်မှာ ဥပဒေပညာသင်ကြားနေကြတဲ့ ကျောင်းသား ကျောင်းသူတွေနဲ့ပတ်သက်လို့လည်း ပညာရေးဝန်ကြီးဌာန အနေနဲ့အစိုးရဝန်ထမ်းအပါအဝင် ဥပဒေပညာရပ်ဖြင့် အသက်မွေး

ဝမ်းကျောင်းပြုသူများအား ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်တွေမှာ ဥပဒေပညာဌာနမှ ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းများ၊ နိုင်ငံခြားတက္ကသိုလ်များမှ ဥပဒေပါမောက္ခများက ဥပဒေဘာသာရပ်နယ်ပယ်အသီးသီးအတွက် မွမ်းမံသင်တန်း တွေ ပို့ချပေးနေတာ ရှိပါတယ်။ ဥပဒေဘွဲ့ရတွေက မိမိတို့သင်ကြားထားတဲ့ ပညာရပ်များကို အသုံးချနိုင်ဖို့ အတွက် ရန်ကုန်တက္ကသိုလ်မှာ B.A (Business Law), M.A(Business Law)၊ ပင်လယ် ရေကြောင်းဆိုင်ရာဥပဒေပညာဒီပလိုမာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာတို့ကိုလည်းကောင်း၊ မန္တလေးတက္ကသိုလ်မှာ၊ စီးပွားရေးဆိုင်ရာ ဥပဒေဒီပလိုမာနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဒီပလိုမာ တို့ကိုလည်းကောင်း၊ ဒဂုံတက္ကသိုလ်များ B.A (Business Law) ကိုလည်းကောင်း၊ ရန်ကုန်အဝေးသင် တက္ကသိုလ်များ ဥပဒေဒီပလိုမာ (On line) ကိုလည်းကောင်းဖွင့်လှစ်ပို့ချပေးလျက်ရှိပါတယ်။ တက္ကသိုလ်မှာရှိတဲ့ ဥပဒေအထူးပြုကျောင်းသားကျောင်းသူများကို ဥပဒေပညာ ပထမနှစ်မှစ၍ စတုတ္ထနှစ်အထိ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အမှုလိုက်ပါဆောင်ရွက်ရေး၊ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများချုပ်ဆိုရေးဘာသာရပ်တွေကို သတ်မှတ်သင်ရိုးညွှန်းတမ်းတွေနှင့်အညီ သက်ဆိုင်ရာတက္ကသိုလ်တွေက သင်ကြားပို့ချပေးလျက်ရှိတဲ့အပြင် စိတ်ကြိုက်အထူးပြုဘာသာရပ် နယ်ပယ်အနေဖြင့် မဟာဘွဲ့(ဥပဒေ) ကျောင်းသား ကျောင်းသူများကို ပြည်တွင်း ဥပဒေအထူးပြု ဘာသာရပ်များလည်း စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိပါတယ်။ တက္ကသိုလ်တွေက ဥပဒေအထူးပြုဘာသာရပ်နဲ့ ဘွဲ့ရရှိတဲ့ ကျောင်းသားကျောင်းသူတွေကို နိုင်ငံတော်၏ အဓိက မဏ္ဍိုင်ကြီး ၃ ခုမှာ ဥပဒေနှင့် သက်ဆိုင်တဲ့ ကိစ္စတွေမှာပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ပညာရေး ဆိုင်ရာရည်ရွယ်ချက်၊ ရည်မှန်းချက်တွေအတိုင်း နှစ်စဉ်ပို့ချဆောင်ရွက်နေတာရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါ်ဒွဲဘူရဲ့ အစိုးရဝန်ထမ်းတွေအပါအဝင် ဥပဒေပညာရပ်နှင့်အသက်မွေးဝမ်းကျောင်း ပြုနေသူများ ဥပဒေဘွဲ့ရများ၊ ဥပဒေပညာသင်ယူနေတဲ့ ကျောင်းသားကျောင်းသူတွေကို ဥပဒေအထောက်အကူပြုတဲ့ သင်တန်းတွေဖွင့်လှစ်ခြင်း၊ စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားခြင်းပြုဖို့ အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပညာရေးဝန်ကြီးဌာတို့အနေနဲ့ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**မြို့နယ်ဥပဒေရုံး ဆောက်လုပ်ခွင့်ပြုရန်နှင့် ဥပဒေရုံးဝန်ထမ်းများအတွက် နေအိမ်ဆောက်လုပ်ပေး ရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်အခါတွင် ဆောင်လုပ်ပေးမည်ကို သိလိုသည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရွှေကူမဲဆန္ဒနယ်မှ ဦးဝင်းနိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းနိုင်(ရွှေကူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ကိုယ်စိတ်နှစ်ပါးချမ်းသာပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းပြီး နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေကူမြို့နယ်ဥပဒေရုံး အဆောက်အဦဆောက်လုပ်ခြင်းနဲ့ စပ်လျဉ်း၍ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ ရွှေကူမြို့နယ်ဥပဒေရုံးအား ၁၉၇၄ ခုနှစ်မှစတင်၍ ငှားရမ်းအသုံးပြုခဲ့ရာ ယနေ့အချိန်အထိ ဖြစ်ပါတယ်။ ထိုသို့ ငှားရမ်းအသုံးပြုခဲ့ရာ ဒေါ်စိန်ကွန့်ဆိုသူမှ ရွှေကူမြို့နယ် ဥပဒေရုံး ဆောက်လုပ်ရန်အတွက် ၎င်းပိုင်ဆိုင်သော အကွက်အမှတ်(၂၄) ဦးပိုင်အမှတ် N-7 0.1360 ဧကပေါ်ရှိမြေတစ်ဝက် ၃၅ x ၇၀ ပေအား လှူဒါန်းခဲ့ပါတယ်။ ယခုအခါ မြို့နယ်မြေစာရင်းရုံးမှ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ အား ရရှိခဲ့ပြီးဖြစ်ပါတယ်။ ရွှေကူမြို့နယ်ဥပဒေရုံးဆောက်လုပ်ရာတွင် ကုန်ကျမည့် ငွေလုံးငွေရင်း အသုံးစရိတ်ကို ဗန်းမော်မြို့ စည်ပင်သာယာအဖွဲ့မှ အသေးစိတ်တွက်ချက်ပြီး သက်ဆိုင်ရာသို့ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ ထို့အပြင် ရွှေကူမြို့နယ် ဥပဒေရုံးဝန်ထမ်း များသည်လည်း ဌာနပိုင်နေအိမ်မရှိသောကြောင့် ပြင်ပအိမ်များတွင် ငှားရမ်းနေထိုင်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ (၁) ရွှေကူမြို့နယ် ဥပဒေရုံး အဆောက်အအုံဆောက်လုပ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ။ အစီအစဉ် ရှိပါက မည်သည့်အချိန်အခါကာလတွင် ဆောက်လုပ်ခွင့်ပြု မည်ကိုသိရှိလိုပါကြောင်း၊ (၂) မြို့နယ်ဥပဒေရုံး ဝန်ထမ်းများအတွက် နေအိမ်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိအစီအစဉ် ရှိပါက မည်သည့်အချိန်ကာလတွင် ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်မှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးထွန်းထွန်းဦး(ဒုတိယရှေ့နေချုပ်၊ ရှေ့နေချုပ်ရုံး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ ကချင်ပြည်နယ်၊ ရွှေကူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင် မေးမြန်းတဲ့ ရွှေကူမြို့နယ် ဥပဒေရုံး အဆောက်အဦဆောင်လုပ်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် ဥပဒေဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်း၍ ရွှေကူမြို့နယ် ဥပဒေရုံးကို ရွှေကူမြို့ အမှတ်(၄) ရပ်ကွက်နေ ဒေါ်စိန်ကွန့်မှ လှူဒါန်းသည့် အမှတ် (၄) ရေပုံလေးကွင်း၊ အကွက်အမှတ်(၂၄)၊ ဦးပိုင်အမှတ် N-7၊ အလျား ၇၀ ပေ x အနံ ၃၅ ပေ၊ ဧရိယာ ၀.၀၆၈ ဧကရှိ မြေကွက်မှာ ကချင်ပြည်နယ် ဘဏ္ဍာရန်ပုံငွေမှ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုငွေ ကျပ်သန်းပေါင်း ၂၃.၇၇ ဖြင့် ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဆောက်လုပ်နိုင်ရေးအတွက် ကချင်ပြည်နယ်ဥပဒေချုပ်ရုံးက စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန် ယခု ဘဏ္ဍာရေးနှစ်အတွင်း အစီအစဉ် မရှိသေးပါကြောင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခွင့်အတွက် ပြည်နယ်အစိုးရသို့ ဆက်လက်တင်ပြဆောင်ရွက်သွားစေမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ (သြဘာသံများ)

**စစ်တွေ-မင်းဘူးရထားလမ်းဖောက်လုပ်မည့်အစား မောင်တော-မင်းဘူးရထားလမ်းဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနှင့် မည်သည့်အချိန်တွင်ဖောက်လုပ်ပြီးစီးမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညို မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမောင်ညို(စစ်တွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားတဲ့ ဝန်ကြီးများ၊ ဧည့်သည်တော်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ကျွန်တော် အကုန်လုံး ဂါရဝပြုပါတယ်။ မေတ္တာပို့တာကတော့ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်းကြပါစေလို့ မေတ္တာပို့ပါတယ်။ ကျွန်တော်ကတော့ စစ်တွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေတ္တာရပ်ခံပြီးတော့ ဖြေကြားပေးပါရန် မေတ္တာရပ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်အနေနဲ့တော့ နှစ် ၆၀ လောက်ပစ်ထားတာ ခံခဲ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေး အကုန်လုံးပေါ့။ အခုတော့ ဒီရာစုနှစ်မှာတော့ ကောင်းပါတယ်။ တော်တော်လုပ်ပေးပါတယ်။ အဲဒီလုပ်ပေးတာ အားပြုတဲ့အတွက် ကျွန်တော်တို့ကို ဆက်လက်ပြီးတော့ လုပ်ပေးမယ်လို့ ထင်ပါတယ်။ ရခိုင်ပြည်နယ် စစ်တွေမြို့နဲ့ အဲဒီမောင်တောမြို့ဆိုရင် နီးနီးလေးပါ။အဲဒီ

နီးနီးလေးကို ကျွန်တော်တို့ ဝေးဝေးကြီးဖြစ်နေတယ်။ အဲ့ဒီမောင်တောကနေပြီးတော့ စစ်တွေကို သွားရင် မြေပြန့်ရှိနေပါတယ်။ အဲဒီမြေပြန့်လမ်းက အခုဆိုရင် ကျောက်လမ်းကြီးတွေ လုပ်ထားပါတယ်။ ကားတို့၊ ဆိုင်ကယ်တို့ အကုန်လုံးသွားနေကြပါတယ်။ အဲဒီမြေပြန့်က မီးရထားလမ်းသာဖောက်လိုက်ရင် ကျွန်တော်တို့တွေအတွက် ပိုပြီးအကျိုးရှိပါတယ်။ အဲဒီလမ်းကို စစ်တွေရောက်ဖို့က နီးနီးလေးပါ။ ရေချမ်းပြင်ကို တံတားတစ်ခုထိုးလိုက်ရင် ရောက်ပါတယ်။ အဲဒီတံတားကို ကူး လိုက်ရင် ကျွန်တော်တို့ စစ်တွေရောက်ပါတယ်။ ဒါကြောင့် အရင်စီစဉ်ထားတဲ့ စစ်တွေ-မင်းဘူးအစား မောင်တော-မင်းဘူးလမ်းကို ဆက်ပြီးတော့ တိုးချဲ့ပြီး လုပ်ရင်တော့ အကုန်လုံးကောင်းမယ် ထင်ပါတယ်။ အဲဒါနဲ့ ကျွန်တော်က မေးမြန်းလိုတာက စစ်တွေ-မင်းဘူးလမ်း စီမံကိန်းကို မောင်တော-မင်းဘူးလမ်း တိုးချဲ့ဖောက်လုပ်ရန် အစီအစဉ် ရှိပါသလား။ ရှိခဲ့လျှင် မည်သည့်အချိန်အခါ လုပ်ပါမည်နည်း။ အဲဒါပါပဲ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ ။**  ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။**  ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်ခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုရဲ့ မေးမြန်းတဲ့ စစ်တွေအစား မောင်တော-မင်းဘူးရထားလမ်း ဖောက်လုပ်ရန် အစီအစဉ်ရှိ/မရှိနဲ့ မောင်တော-မင်းဘူးရထားလမ်း မည်သည့်အချိန်တွင် ဖောက်လုပ်ပြီးစီးမည်နှင့် စပ်လျဉ်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မြန်မာ့မီးရထား အနေနဲ့ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးတိုးတက်စေရန်အတွက် စစ်တွေ-အမ်း-မင်းဘူး ရထားလမ်းကို ဖောက်လုပ်ဖို့ ရည်ရွယ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီရထားလမ်းကို ၁၅-၂-၂၀၀၉ ရက်နေ့မှာ စတင်ဖောက်လုပ်ခဲ့ရာမှာ စစ်တွေ-ရေချမ်းပြင် လမ်းပိုင်းခရီးမိုင် ၁၁.၄၆ မိုင်ပြီးစီးပြီးတဲ့အတွက်ကြောင့် ၁၉-၅-၂၀၁၀ ရက်နေ့မှစတင်ပြီး ရထားများ ပြေးဆွဲပေးခဲ့ပါတယ်။ လက်ရှိအားဖြင့်တော့ နယ်မြေအခြေအနေအရ ၁၂-၆-၂၀၁၂ ရက်နေ့မှစပြီးတော့ ရထားပြေးဆွဲမှု ရပ်ဆိုင်းထားခဲ့ရပါတယ်။ အလားတူပဲ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်လမ်းပိုင်း ၂၂.၇၂ မိုင်

ပြီးစီးတဲ့အတွက်ကြောင့် ၁၅-၅-၂၀၁၀ ရက်နေ့ကစပြီး ရထားများ ပြေးဆွဲခဲ့ပါတယ်။ ယိုးတရုတ်-ကျောက်တော် လမ်းပိုင်းနောက်ထပ် ၁၉.၈၂ မိုင်ကိုလည်း ၁၀-၄-၂၀၁၁ ရက်နေ့ ဖွင့်လှစ်နိုင်ချိန်မှာ အထက်ပါရထားများကို ကွမ်းတောင်ကနေ ကျောက်တော်အထိ ပြေးဆွဲပေးလျက်ရှိပါတယ်။ ကျောက်တော်-မြောက်ဦးလမ်းပိုင်း ၃၂.၅ မိုင်ကို ဆက်လက်ဖောက်လုပ်ခဲ့ရာမှာ တံတားငယ် ၉၁ စင်းရှိတဲ့အနက် ယနေ့အထိ တံတား ၈၉ စင်းကိုလည်းကောင်း၊ မြေသားလုပ်ငန်း ၂၈.၅ မိုင်အနက် ၂၆ မိုင်ကိုလည်းကောင်း ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွက်ရရှိတဲ့ ဘဏ္ဍာငွေနဲ့ ကျန်ရှိသော တံတားများနဲ့ ဘူတာများကို ဆက်လက်ပြီးတော့ တည်ဆောက်သွားမှာ ဖြစ်ပါတယ် ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဆရာကြီး ဦးမောင်ညိုရဲ့ မေးခွန်းထဲမှာ မောင်တောကနေ အင့ူမော်အထိ ကားလမ်းရှိတဲ့အကြောင်း ဖော်ပြထားပါတယ်။ အဲဒီကားလမ်းကို အမှီပြုပြီးတော့ မောင်တောကို ရထားလမ်းဖောက်လုပ်ဖို့ လျာထားမယ်ဆိုရင် လက်ရှိရထားလမ်းရှိနေပြီးဖြစ်တဲ့ ရေချမ်းပြင်ကနေ အင့ူမော်အထိ ရထားလမ်း ဖောက်လုပ်ရေးမှာ လမ်းမှာ ချောင်းတံတားအပြင် ပင်လယ်ဝကို ဖြတ်တဲ့တံတားတစ်ခုပါ တည်ဆောက်ရမှာ ဖြစ်ပါတယ်။ လက်ရှိအားဖြင့် မိမိတို့မှာ ပင်လယ်ဝကို ဖြတ်တဲ့တံတား တည်ဆောက်ဖို့အတွက် နည်းပညာနဲ့ အတွေ့အကြုံ၊ ငွေကြေးပမာဏ လက်လှမ်းမမီနိုင်သေး ကြောင်းတွေ့ရပါတယ်ခင်ဗျား။ နောက် ရခိုင်ဒေသမိုးရွာသွန်းမှု များပြားခြင်း၊ ချောင်းမြောင်းပေါများခြင်း၊ တောတောင်လျှိုမြောင်ပေါများခြင်း၊ ပွင့်လင်းရာသီလုပ်ငန်းဆောင်ရွက်ချိန် နည်းပါးခြင်း၊ ကျောက်ရှားခြင်းစတဲ့ ကန့်သတ်ချက်တွေအရ လက်ရှိ ကျွန်တော်တို့ ဆောင်ရွက်တဲ့ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းပေါ်မှာ ၅ နှစ်တာကာလအတွင်းမှာ ရထားလမ်းမိုင် ၈၆.၅ မိုင်ခန့်သာ ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလမ်းပိုင်းများထက် ပိုပြီးတော့ဆိုးရွားတဲ့ မြေပြင်အနေအထားရှိတဲ့ မောင်တောလမ်းအူကြောင်းနဲ့ ပတ်သက်ပြီးတော့ လေ့လာမှုကို ကျွန်တော်တို့ ရထားဝန်ကြီးဌာနက တိုက်ရိုက်မလုပ်ဆောင်နိုင်ခဲ့သေးသော်လည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ စစ်တွေ-မောင်တော မော်တော်ကားလမ်းအူကြောင်း ရှာဖွေဆောင်ရွက်နေမှုကို ကျွန်တော်တို့ ဖြည့်စွက်ပြီးတော့ တင်ပြလိုပါတယ်။ အဲဒီမှာ သူတို့ လမ်းကြောင်းနှစ်ကြောင်းနဲ့ ရှာဖွေလျက်ရှိပါတယ်။ ပထမတစ်ခုကတော့ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော မော်တော်ကားလမ်းအူကြောင်း ဖြစ်ပါတယ်။ ခရီးမိုင် ၆၀ မိုင်ခန့်ရှိပြီးတော့ ပုဏ္ဏားကျွန်း-ရသေ့တောင် အကြားမှာပင် ပေ ၁၀၀၀ နှင့် အထက်တံတား ၄ စင်းတည်ဆောက်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အခု စတင်ပြီးတော့ လုပ်ငန်း

ဆောင်ရွက်နေတာ ၂ နှစ်တာ ကာလအတွင်းမှာ မြေလမ်းက ၁၀ မိုင်ခန့်သာ ဖောက်နိုင်ခဲ့ပြီးတော့ သူတို့ခန့်မှန်းထားတဲ့ ငွေကြေးကုန်ကျမှုများထက် များနေတဲ့အကြောင်း ကျွန်တော်တို့ စုံစမ်းသိရှိရပါတယ်။ အလားတူပဲ နောက်လမ်းကြောင်းတစ်ခုဖြစ်တဲ့ အပေါက်ဝရွာ-ဘူးသီးတောင်-မောင်တောမော်တော်ကားလမ်းအူကြောင်းကတော့ ခရီးမိုင် ၃၂ မိုင်ခန့်လောက် ရှိပါတယ်။ ကားလမ်းအူကြောင်း Site Track တစ်ကြောင်းထိုးလမ်းကိုပဲ စမ်းသပ်ဖောက်လုပ်စဉ်မှာပင် မြေပြင်အနေအထားအရ ကန့်သတ်ချက်များအရ အခက်အခဲတွေ တွေ့နေရတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ရထားလမ်းဖောက်လုပ်ခြင်းဟာ မော်တော်ကားလမ်းဖောက်လုပ်ခြင်းထက် ကန့်သတ်ချက်တွေ ပိုပြီးတော့ များပါတယ်။ အဲဒီကန့်သတ်ချက်တွေကို ကျော်လွှန်နိုင်ဖို့အတွက် ကုန်ကျစရိတ်ကလည်း ပိုပြီးတော့ များမှာဖြစ်တဲ့အတွက်ကြောင့် မောင်တောကို ရထားလမ်းဖောက်လုပ်ခြင်းကိစ္စနဲ့ပတ်သက်ပြီးတော့ စစ်တွေအစား မောင်တောကို ဆက်လက်ဖောက်လုပ်ရေးအတွက် လက်ရှိအားဖြင့်တော့ လျာထားနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နိုင်ငံအနှံ့ လိုင်စင်မဲ့မော်တော်ယာဉ်များ အသုံးပြုမောင်းနှင်မှု၊ နယ်စပ်မှတစ်ဆင့် မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုမှုနှင့် သက်သာသော နှုန်းထားဖြင့် အများပြည်သူဝယ်ယူအသုံးပြုနိုင်ရေးတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းသီဟကျော်(မိုင်းရယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ မိုင်းရယ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့မေးမြန်းလိုတဲ့မေးခွန်းကတော့ (က) နိုင်ငံအနှံ့ လိုင်စင်မဲ့မော်တော်ယာဉ်များ အသုံးပြုမောင်းနှင်မှု များပြားလာလျက်ရှိရာ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်ကို သိရှိလိုပါတယ်။ (ခ) နယ်စပ်ဒေသ မှတစ်ဆင့် မော်တော်ယာဉ်များ တရားဝင်တင်သွင်းခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ မည်သည့်ကာလမှာ စတင်ခွင့်ပြုမယ်။ မည်သည့်နည်းလမ်းဖြင့်ဆောင်ရွက်မည်နှင့် ဆောင်ရွက်ရန်အစီအစဉ် မရှိပါက အဘယ်ကြောင့်နည်း။ (ဂ) မိမိနှစ်သက်သော မော်တော်ယာဉ်အမျိုးအစားများကို သက်သာသောနှုန်းထားဖြင့် ဈေးကွက်စီးပွားရေးနှင့်အညီ အများပြည်သူ ဝယ်ယူအသုံးပြုနိုင်ရေး မည်ကဲ့သို့ ဆက်လက် ဆောင်ရွက်မည်ကို သိရှိလိုပါတယ်။ (ဃ) ခရိုင်တစ်ခုအတွင်း ဒါမှမဟုတ်

ပြည်နယ်/တိုင်းဒေသကြီး တစ်ခုအတွင်းသာမောင်းနှင်ခွင့်ရှိတဲ့ ဒေသတွင်း မော်တော်ယာဉ် လိုင်စင်များအား သက်သာသောအခွန် နှုန်းထားဖြင့် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုများအား မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ပြည့်စုံပါစေကြောင်းဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျာ။

ရှမ်းပြည်နယ်၊ မိုင်းရယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသီဟကျော်ရဲ့ ရှမ်းပြည်နယ်၊ မြို့ကြီးများနှင့် မြို့ငယ်လေးများအပြင် နိုင်ငံအနှံ့လိုင်စင်မဲ့မော်တော်ယာဉ်များ အသုံးပြုမောင်းနှင်မှု များပြားလာလျက်ရှိရာ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်၊ နယ်စပ်ဒေသမှတစ်ဆင့် မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်ကာလတွင် စတင်ခွင့်ပြုမည်၊ မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်၊ မိမိနှစ်သက်သော မော်တော်ယာဉ်အမျိုးအစားများကို သက်သာသော နှုန်းထားဖြင့် ဈေးကွက်စီးပွားရေးနှင့်အညီ အများပြည်သူ ဝယ်ယူအသုံးပြုနိုင်ရေး မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည်၊ ခရိုင်တစ်ခုအတွင်း သို့မဟုတ် ပြည်နယ်၊ တိုင်းဒေသကြီး တစ်ခုအတွင်းသာ မောင်းနှင်ခွင့်ရှိသော ဒေသအတွင်း မော်တော်ယာဉ်လိုင်စင်များအား သက်သာသော အခွန်နှုန်းထားဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့နေမှုများအား မည်ကဲ့သို့ ဖြေရှင်းဆောင်ရွက်မည်ကို မေးမြန်းသည့် မေးခွန်းဖြစ်တဲ့အတွက် ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်ကမေးခွန်း(၄)ခုစလုံးအတွက်အားလုံးတစ်ပေါင်းတည်းဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်ပတ်သက်၍ ပြည်တွင်းသို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် တရားမဝင်တင်သွင်းသွားလာနေခြင်းဖြစ်ပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများကို ဖောက်ဖျက်ကျူးလွန်နေခြင်းသာ ဖြစ်ပါတယ်။ အဆိုပါယာဉ်များအား သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့များ

၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေး တာဝန်ရှိအဖွဲ့အစည်းများ ပူးပေါင်း၍ ရှောင်တခင်စစ်ဆေးခြင်း၊ အရေးယူခြင်းများကို ထိရောက်စွာ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ မှတ်ပုံတင်မဲ့ယာဉ်များ လျော့နည်းပပျောက်နိုင်မှာ ဖြစ်ပါတယ်။ ထိုသို့ ဆောင်ရွက်သည့် နည်းတူ တစ်ဖက်မှလည်း နယ်စပ်ဒေသဝင်ပေါက်များမှ ထပ်မံ၍ ဝင်ရောက်မလာနိုင်ရန် တင်းကြပ်စွာ တားမြစ်ပြီး အရေးယူဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်တွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် တရားမဝင် ရောက်ရှိနေသော မှတ်ပုံတင်မဲ့မော်တော်ယာဉ်များအား ကာလတန်ဖိုး၏ ၈၅ ရာခိုင်နှုန်း အခွန်ကောက်ခံ၍ မှတ်ပုံတင်ပေးခြင်းအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက ဦးဆောင်၍ ပြည်နယ်/တိုင်းဒေသကြီး ခရိုင်များအလိုက် ၁၆-၇-၂၀၁၀ ရက်နေ့မှ ၂၂-၉-၂၀၁၀ ရက်နေ့အထိ စုစုပေါင်း မော်တော်ယာဉ် ၆၂၂၆ စီး မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ ထို့သို့ ဆောင်ရွက်ပေးခဲ့တဲ့ လုပ်ငန်းရပ်ကို အခြေခံပြီးတော့ နယ်စပ်ဒေသများမှ လိုင်စင်မဲ့မော်တော်ယာဉ်များကို ဝယ်ယူထားသူ များသည် ထပ်မံဆောင်ရွက်ပေးဦးမည်ဟု ယူဆလျက် ဝယ်ယူထားရှိခြင်းသာ ဖြစ်နိုင်ပါတယ်။ နယ်စပ်ဒေသများမှ ဝင်ရောက်လာသော လိုင်စင်မဲ့မော်တော်ယာဉ်များ မှတ်ပုံတင်ခွင့်ကိစ္စနှင့် ပတ်သက်၍ ကရင်ပြည်နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ၊ ကယားပြည်နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ခိုင်ဝင်းတို့မှ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများမှာ အလားတူမေးခွန်းများ မေးမြန်းခဲ့ဖူးပါတယ်။ အဲ့ဒီအချိန်တုန်းကတော့ မှတ်ပုံတင်ပေးရန် အစီအစဉ်မရှိကြောင်း ပြန်လည်ဖြေကြားတင်ပြထားခဲ့ ပါတယ်။ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များ ဝင်ရောက်မှုမရှိစေရေးနှင့် ထိန်းချုပ်ဟန့်တား နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများအနေဖြင့် နယ်စပ် ချစ်ကြည်ရေးတံတားများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ရှိဌာနဆိုင်ရာများ တပ်မတော်တို့ ပူးပေါင်း ပါဝင်သည့်အဖွဲ့ ဖြင့်လည်းကောင်း၊ နယ်စပ်ဂိတ်များ နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များ ဖြင့် လည်းကောင်း၊ နယ်စပ်ဂိတ်များမှ တရားမဝင် ဝင်ရောက်လာနိုင်သည့် မြဝတီ-မော်လမြိုင်-ရန်ကုန် လမ်းကြောင်းပေါ်ရှိ ဂျိုင်း၊ ဇာသပြင်၊ သံလွင်၊ ဒုံသမိတံတားတို့တွင် ပုံမှန်လုံခြုံရေးဆောင်ရွက်နေ သည့် တပ်ဖွဲ့ဝင်များဖြင့်လည်းကောင်း စစ်ဆေးအရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထို့အပြင် တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ကုန်သွယ်ရေးဂိတ်များဖြစ်သည့် မောတောင်နှင့် ထီးခီးနယ်စပ် ကုန်သွယ်ရေးဂိတ်များမှာ သက်ဆိုင်ရာ ခရိုင်ရဲတပ်ဖွဲ့မှူးများမှ အနီးကပ်ကြပ်မတ်စေခြင်းနှင့် ဖြတ်သန်းရာလမ်းတစ်လျှောက်တွင် ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍ ရှောင်တခင်စစ်ဆေးခြင်း၊

ကော့သောင်းမြို့နယ်ရှိ တရားမဝင်လမ်းကြောင်းများမှ မဝင်ရောက်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ ဌာနဆိုင်ရာအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးခြင်း တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ဆက်စပ်နေတဲ့ ပြည်ထောင်စုလမ်းကြီးဖြစ်သော ရေဖြူမြို့နယ် မလွဲတောင်မှ ဝင်ရောက်မှု မရှိစေရေး ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ကြပ်မတ်စစ်ဆေးခြင်း၊ ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်များအတွင်း မြို့ဝင်၊ မြို့ထွက်များတွင် ယာဉ်ထိန်းတပ်ဖွဲ့၊ နယ်မြေခံ ရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော အဖွဲ့များဖြင့် လမ်းမများပေါ်တွင် နေ့စဉ်ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေဖြင့် သတင်းအရဖြစ်စေ၊ အခြားပြစ်မှုတစ်ခုခုအရဖြစ်စေ၊ စစ်ဆေးပေါ်ပေါက်ချက်အရဖြစ်စေ လိုင်စင်မဲ့ယာဉ်စစ်ဆေးခြင်းများကို ဖော်ထုတ်အရေးယူခဲ့ရာ ၂၀၁၂ ခုနှစ်အတွင်း နေပြည်တော် တိုင်းဒေသကြီး ပြည်နယ်ရဲတပ်ဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့အသီးသီးမှ လိုင်စင်မဲ့မော်တော်ယာဉ် ၉၃၅ စီးကို ဖမ်းဆီးဖော်ထုတ်အရေးယူခဲ့ပါတယ်။ နယ်စပ်ဒေသမှတစ်ဆင့် မော်တော်ယာဉ်တင်သွင်းမှုများကို ကုမ္ပဏီအလိုက် Truck နှင့် Light Truck များကိုလည်း တင်သွင်းခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ နယ်စပ်စခန်းများမှ လူစီးယာဉ်ငယ်များအား တင်သွင်းခွင့်ကို ခွင့်ပြုထားခြင်းမရှိပါဘူး။ နယ်စပ်စခန်းများမှနေပြီးတော့ Light Truck မော်တော်ယာဉ်ငယ်များ လုပ်ငန်းသုံးယာဉ်ယန္တရားများကိုသာ မော်တော်ယာဉ်တင်သွင်းခွင့် ဆိုင်ရာကြီးကြပ်ရေးကော်မတီ၏ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တင်သွင်းခွင့်လိုင်စင် ခွင့်ပြုပေးလျက်ရှိပါတယ်။ မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေး ကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးဦးဆောင်ပြီး အဖွဲ့ဝင် ၁၁ ဦးပါဝင်သော အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီကော်မတီသည် ပြည်တွင်းမှာရှိတဲ့ အိုမင်းဟောင်းနွမ်းနေသော နှစ် ၄၀၊ နှစ် ၃၀၊ နှစ် ၂၀ ကျော် ကြာပြီးသားဖြစ်တဲ့ မှတ်ပုံတင်သက်တမ်းကြာမြင့်မော်တော်ယာဉ်များ ပယ်ဖျက်အပ်နှံ၍ ၁၉၉၅ ခုနှစ်မော်ဒယ်မှ ၂၀၀၆ ခုနှစ်မော်ဒယ်အထိ မော်တော်ယာဉ်များ ပြည်ပမှ တင်သွင်းအစားထိုးတင်သွင်းခွင့်ပြုခဲ့ခြင်း၊ မော်တော်ကားအရောင်းစင်တာများ ဖွင့်လှစ်ရောင်းချခွင့်ပြုခြင်း၊ Taxi များကို အကွာရာနံပါတ် သတ်မှတ်မှုမရှိဘဲ ယာဉ်အိုယာဉ်ဟောင်းလဲလှယ်မှုများအတိုင်း ဆောင်ရွက်ခွင့်ပေးခြင်း၊ ၂၀၁၂ ခုနှစ်၊ မေလ ၄ ရက်နေ့မှစတင်ပြီး နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသူ နိုင်ငံသားတိုင်းအား လူစီးမော်တော်ယာဉ်များကို တင်သွင်းခွင့်ပြုထားခြင်းများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ခရီးသည် သယ်ယူပို့ဆောင်ရေးအား အထောက်အကူ

ဖြစ်စေရန် Bus နှင့် Taxi များ အခွန်အခများလျှော့နည်းသွားစေရန် ဆောင်ရွက်ပေး လျက်ရှိပါတယ်။ သက်တမ်းလွန် ယာဉ်အိုယာဉ်ဟောင်းများအပ်နှံ၍ မော်တော်ကားအပ်နှံတင်သွင်းသူများအား ပြည်ပမှ မှာယူတင်သွင်းခွင့်ပြုရာတွင် ပြည်တွင်း၌ပင် လွယ်လင့်တကူ ဝယ်ယူနိုင်ဖို့အတွက် Used Car Sale Center များကို ဖွင့်လှစ်နိုင်ဖို့အတွက် စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ခြင်း၊ မော်တော်ကား အရောင်းစင်တာများအတွက် တိုင်းဒေသကြီးအလိုက် မြေပြင်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန် ပေးအပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါတယ်။

မော်တော်ယာဉ်သုံးစွဲရာတွင် မိမိနှစ်သက်သော မော်တော်ယာဉ် အမျိုးအစားများကို ဈေးကွက် စီးပွားရေးစနစ်နှင့်အညီ အများပြည်သူများ ဝယ်ယူအသုံးပြုနိုင်ရေးအတွက် မော်တော်ယာဉ်လုပ်ငန်း ရှင်များအား အရောင်းပြခန်းဖွင့်လှစ်ခွင့်ပြုခဲ့ရာမှာ ရန်ကုန်တိုင်းအတွင်း ၁၂၁ ခန်း၊ မန္တလေးမှာ ၆ ခန်း၊ နေပြည်တော်မှာ ၃ ခန်း ဖွင့်လှစ်ခွင့်ပြုထားပြီးဖြစ်တဲ့အပြင် မော်တော်ကားပြုပြင်ထိန်းသိမ်းခြင်းနှင့် Spare Parts ရောင်းချခြင်းများကိုလည်း ခွင့်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းတင်ပြ အပ်ပါတယ်။ ယခုအခါတွင် နိုင်ငံတော်အစိုးရမှ ယာဉ်အိုယာဉ်ဟောင်း ပပျောက်ရေးရည်ရွယ်လျက် ပြည်သူလူထုလက်ဝယ်တွင်ရှိသော မှတ်ပုံတင်သက်တမ်းကြာမြင့်နေသည့် ယာဉ်အိုယာဉ်ဟောင်း များအား အပ်နှံစေပြီးမှ မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုခြင်းကို ၁၉-၉-၂၀၁၁ ရက်နေ့မှ စပြီးဆောင်ရွက်ပေးခဲ့ရာမှာ ၂၅-၆-၂၀၁၃ ရက်နေ့ မနေ့ကအထိ စုစုပေါင်း ၉၉၇၉၆ စီးအပ်နှံပြီးတော့ မော်တော်ယာဉ်စီးရေ ၉၁၆၇၁ စီး ပြန်လည်တင်သွင်းမှတ်ပုံတင်ပေးခဲ့ပြီး ဖြစ်တဲ့ အတွက်ကြောင့် ပြည်နယ်/တိုင်းဒေသကြီး တစ်ခုအတွင်းသာ မောင်းနှင်ခွင့်ရှိသော ဒေသတွင်း မော်တော်ယာဉ်လိုင်စင် များအား ဆောင်ရွက်ပေးရန်အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ယာဉ်စီးရေ များပြားလာခြင်း၊ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ခေတ်မမီခြင်း၊ ခရီးသည် ပို့ဆောင်ရေးယာဉ်များ လုံလောက်မှုမရှိခြင်းနှင့် လမ်းအသုံးပြုသူများ စည်းကမ်းလိုက်နာမှု အားနည်းခြင်းများကြောင့် ရန်ကုန်၊ မန္တလေးစသည့် မြို့ကြီးများတွင် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ရန်ကုန်မြို့တွင် လူဦးရေ ၁၀၀၀ လျှင် ကား ၄၆.၆ စီး ပိုင်ဆိုင်ကြောင်း စိစစ် တွေ့ရှိရပါတယ်။ ရန်ကုန်မြို့၏ လမ်းများမှာ ယနေ့ ယာဉ်စီးရေနှင့် နှိုင်းယှဉ်လို့ရှိရင် အခြေအနေ အမျိုးမျိုးကြောင့် ကျဉ်းမြောင်းနေပါတယ်။ အနှေးယာဉ်နှင့် ယာဉ်ကြီးများအတွက် သီးခြားလမ်းမရှိ ခြင်းနှင့် လမ်းကွန်ရက်ချိတ်ဆက်မှုများ အားနည်းခြင်းတို့အား ဦးစားပေး ဖြေရှင်းသွားရန်လိုအပ်နေ ပါတယ်။ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် ဖြစ်ပေါ်ဖို့အတွက် မြို့ပတ်ရထားစနစ်အား

အရည်အသွေးနှင့် အရေအတွက်ပါ တိုးတက်အောင်ဆောင်ရွက်လျက်ရှိပါတယ်။ ယာဉ်ကြောပိတ်ဆို့မှုများနှင့် ပတ်သက်၍ ရေရှည်တွင် ယာဉ်အမျိုးအစား၊ ယာဉ်အရေအတွက်၊ သွားလာမှုပုံစံ၊ လမ်းအခြေအနေ၊ လမ်းကွန်ရက်၊ လူအများ သွားလာလျက်ရှိတဲ့ ကျောင်း၊ ဆေးရုံ၊ ဈေး စသည့်နေရာများတွင် မရှိမဖြစ် လိုအပ်သော ဘက်စုံ အချက်အလက်များ (Database)များ ပြည့်စုံစွာ မှတ်တမ်းကောက်ခံရရှိရေး ဆောင်ရွက်ခြင်း၊ ယာဉ် အန္တရာယ် ကင်းရှင်းရေးနှင့် ယာဉ်သွားလာမှု မြန်ဆန်ချောမွေ့စေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အလေးထားမှုကို အမြဲမြင့်တင်ပေးခြင်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်သွားလာမှုစနစ်များ ချောမွေ့စေရေး လုပ်ငန်းများအတွက် အထောက်အပံ့ပေးနိုင်မည့် ခိုင်မာတဲ့ ဘဏ္ဍာငွေထောက်ပံ့ရေးအဖွဲ့အစည်းတစ်ရပ် ထူထောင်ခြင်းတို့ကို ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ယခုအခါ ဂျပန်နိုင်ငံ JICA အဖွဲ့ဖြင့် The Project for the Strategic Urban Development Plan of The Greater Yangon ကို ရေးဆွဲလျက်ရှိပါတယ်။ Traffic Control ကို Centralized လုပ်သွားမှာဖြစ်ပြီး၊ ခုံကျော်တံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိနေပါတယ်။ မန္တလေးမြို့တွင်လည်း ဆိုင်ကယ်စီးနင်းမှုများတဲ့အတွက်ကြောင့် ဆိုင်ကယ်သီးသန့်လမ်းများ သတ်မှတ်ပေးခြင်း၊ ယာဉ်တိုက်မှု မဖြစ်ပွားစေရန်နှင့် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်စေရန် ယာဉ်သွားလာမှုထိန်းသိမ်းကြီးကြပ်မည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အားကို ဖြည့်တင်းခြင်း၊ အများပြည်သူတို့၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိစိတ်ကြွယ်ဝမှုနှင့် စည်းကမ်းလိုက်နာရေးဟာ အရေးကြီးဆုံးဖြစ်တဲ့အတွက်ကြောင့် ယာဉ်တိုက်မှုအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အသိပညာဗဟုသုတ တိုးပွားစေရန် အတွက် Media ကို အသုံးပြုပြီးတော့ အသိပညာ ပြန့်ပွားရေးများ၊ ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ယနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ကျန်းမာရေးဝန်ကြီးဌာနက မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ကျန်းမာရေးဝန်ကြီး

ဌာနက မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းရန် ဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအားတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝင်းမြင့်( ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)** ။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ကြီး ဌာနမှ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေမူကြမ်းအားပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ဒီမျက်စိလှူဒါန်းခြင်းဆိုင်ရာ မူလဥပဒေသည် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၂/၉၆)နဲ့ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ အခန်း ၈ ခန်းပါပြီးတော့ အပိုဒ် ၂၁ ခုပါရှိပါတယ်။ အဲဒီထဲကမှ အခန်း(၆) ပုဒ်မ ၁၅၊ ၁၆ ပါ စာပိုဒ် ၃ ခုကို ပြင်ဆင်ခွင့်ပြုပါရန်အတွက်တင်ပြရခြင်းဖြစ်ပါတယ်။ ပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)မှာပါရှိတဲ့ မျက်စိဆေးရုံဆိုတဲ့စကားရပ်ကို ကျန်းမာရေးဦးစီးဌာနဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ပုဒ်မ ၁၅ ပုဒ်မခွဲ (ဃ)မှာပါရှိတဲ့ မျက်စိထုတ်ယူရေးဆိုင်ရာသင်တန်းဆိုသည့် စကားရပ်ကို မျက်စိဘဏ် ကျွမ်းကျင်သူသင်တန်းဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၆ ပုဒ်မခွဲ (င)တွင်ပါရှိသည့် မျက်ကြည်လွှာဆိုသည့် စကားရပ်ကို မျက်စိဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အစားထိုးပြင်ဆင်ရန် အတွက် တင်ပြအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ** ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအားရှင်းလင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ဧည့်သည်တော် ကြီးများခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဝင် မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် မှာ ဥပဒေကြမ်းကော်မတီရဲ့ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို တင်ပြခြင်း။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှပေးပို့လာသောမျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ နည်းဥပဒေများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်ရေးဆွဲရသည့် အဓိကရည်ရွယ်ချက်များမှာ-

(က) ခေတ်နှင့်လိုက်လျောညီထွေမဖြစ်သည့် ပြဋ္ဌာန်းချက်များကို ခေတ်နှင့်အညီ ဖြစ်စေရန်၊

(ခ) ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ အများပြည်သူပိုမိုရှင်းလင်းလွယ်ကူစွာ သိရှိလိုက်နာစေရန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပုဒ်မနှစ်ခု ပါရှိပါသည်။

၄။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ၁၇-၆-၂၀၁၃ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ကျင်းပသည့် အစည်းအဝေး အမှတ်စဉ်(၁/၇)၌ ဤဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ အောက်ပါ အတိုင်းတွေ့ရှိရပါသည်။

(က) ဤဥပဒေကြမ်း၏ ပုဒ်မ ၂ ပုဒ်မခွဲ(က)၌ မူလဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော မျက်စိဆေးရုံဆိုသည့် စကားရပ်သည် လုပ်ပိုင်ခွင့်ကို အကန့်အသတ်ဖြစ်နေခြင်း ကြောင့် လုပ်ပိုင်ခွင့် ပိုမိုကျယ်ပြန့်စေရန်အတွက် ကျန်းမာရေးဦးစီးဌာန ဟု ပြင်ဆင် ထားကြောင်းတွေ့ရှိရပါသည်။

(ခ) ဤဥပဒေကြမ်း၏ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)၌ မူလဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(ဃ)တွင် ပါရှိသော မျက်စိထုတ်ယူရေးဆိုင်ရာသင်တန်းဆိုသည့် စကားရပ်အစား ယခုအခါ ကျန်းမာရေး

ဦးစီးဌာနသည် မျက်စိဘဏ် ကျွမ်းကျင်သူသင်တန်းကိုသာ ဖွင့်လှစ်သင်ကြားနေခြင်းကြောင့် မျက်စိဘဏ်ကျွမ်းကျင်သူသင်တန်းဟု ပြင်ဆင်ရခြင်းဖြစ်ပါသည်။

(ဂ) ဤဥပဒေကြမ်း၏ ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)၌ မူလဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(င)တွင် ပါရှိသော မျက်ကြည်လွှာ ဆိုသည့် စကားရပ်အစား မျက်စိဆိုသည့်စကားရပ်ဖြင့် အစားထိုးခြင်းသည် လုပ်ငန်းသဘာဝအရ မျက်ကြည်လွှာ သီးခြားထုတ်ယူမည့်အစား မျက်စိကို ထုတ်ယူရန် လိုအပ်ခြင်းကြောင့် ပြင်ဆင်ရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၅။ သို့ဖြစ်ပါ၍ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ အစီရင်ခံစာတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ အရ မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့်လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃-၇-၂၀၁၃ ရက်နေ့အထိ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင် ကြောင်း ကြေညာပါတယ်။

## ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ(ခ)အရ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးတင်မောင်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမိုကရေစီနိုင်ငံတော်ဖော်ဆောင်ရာမှာ မရှိမဖြစ်လိုအပ်တဲ့ အသင်းအဖွဲ့များဥပဒေနဲ့အညီ ပေါ်ပေါက်လှုပ်ရှားဆောင်ရွက်လာနိုင်ဖို့ ရည်ရွယ်ချက်နှင့် အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်အနေနဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လျှောက်လှမ်းနေတာ ၂ နှစ်ကျော်ကာလ ရောက်ရှိတာဖြစ်ပါတယ်။ ဒီမိုကရေစီဖော်ဆောင်ရာမှာ Reform ပြုလုပ်ခြင်းနဲ့ liberalization ဟာ လျင်မြန်တဲ့အတွက်ကြောင့် တစ်ဖက်ကနေခြိမ်းခြောက်မှု အသင်းအဖွဲ့များများစွာ ဖွဲ့စည်းဖို့လိုပါတယ်။ ဒီအသင်းအဖွဲ့များဟာ စနစ်တကျနဲ့ အားကောင်းဖို့လည်း လိုပါတယ်။ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရာမှာ အစိုးရကြီးသက်သက် ဆောင်ရွက်လို့မရဘဲ ပြည်သူကို ဗဟိုပြုပြီး ပြည်သူများပါဝင်တဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးအစရှိတဲ့ လူထုအဖွဲ့အစည်းများ အားကောင်းခဲ့ရာ များစွာ အထောက်အကူပြုတဲ့အတွက်ကြောင့် ယနေ့ဆိုရင် ၂၀၁၀ ပြည့်နှစ်မှာ တရားဝင်ဖွဲ့စည်းထားတဲ့ အသင်းအဖွဲ့ ၂၃၅ ဖွဲ့ ရှိရာ ကနေ ၂၀၁၁ ခုနှစ်မှာ အသင်းအဖွဲ့ပေါင်း ၅၀ ဖွဲ့၊ ၂၀၁၂ ခုနှစ်မှာ ၁၁၅ ဖွဲ့၊ ၂၀၁၃ ခုနှစ်မှာ ၁၂၉ ဖွဲ့ ဖြစ်တဲ့အတွက်ကြောင့် ဒီနေ့ အသင်းအဖွဲ့ပေါင်း ၅၂၉ ဖွဲ့အထိ တိုးတက်လာတာ လူထုအဖွဲ့အစည်းအတွက် များစွာအားရကျေနပ်ဖွယ်ဖြစ်ကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာ ယခုလို အားကောင်းမောင်းသန်ရှိလှတဲ့ အသင်းအဖွဲ့ များစွာ ထွက်ပေါ်လာသလို တစ်ဖက်ကလည်း ဒီမိုကရေစီဖော်ဆောင်ရာမှာ အနှောင့်အယှက်အဟန့်အတား ဖြစ်စေတဲ့ တရားဥပဒေစိုးမိုးရေးအားနည်းခြင်းကို မေ့ထားလို့ မရပါဘူး။ ယနေ့ တရားဥပဒေ စိုးမိုးမှု အားနည်းနေတယ်လို့ ပြည်သူအချို့က ဝေဖန်အကြံပြုတာလည်း ကြားသိရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တရားဥပဒေစိုးမိုးစေဖို့ ဥပဒေကို လေးစားလိုက်နာစေဖို့ အလေးထားဆောင်ရွက်ကြဖို့ အလိုအပ်ဆုံး သော အချိန်ကာလကို ရောက်ရှိနေပြီဖြစ်ပါတယ်။ နိုင်ငံတော်အကျိုးအတွက် ဆောင်ရွက်မယ်ဆိုတဲ့ အသင်းအဖွဲ့များဟာ နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနဲ့ မညီညွတ်တဲ့ လုပ်ရပ်တွေကို ရှောင်ရှားဖို့ လိုမှာဖြစ်ပါတယ်။ ဒီအတွက် ဥပဒေများဟာ ရှိပြီးဖြစ်သော်လည်း ခေတ်စနစ်နဲ့ လိုက်လျောညီထွေဖြစ်နေဖို့လိုအပ်သလို အုပ်ချုပ်ရေးနဲ့ တရားစီရင် ရေးအဖွဲ့တွေအနေနဲ့လည်း ဒီဥပဒေများကို လျစ်လျူရှုမထားဘဲနဲ့ ထိထိရောက်ရောက်ကိုင်တွယ် အသုံးပြုဖို့ လိုမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အဆိုနဲ့ပတ်သက်လို့ ယနေ့ သက်ဆိုင်ရာဝန်ကြီးဌာန တွေ၊ ကော်မရှင်တွေကလည်း ရေးဆွဲနေတယ်လို့ ကြားသိရပါတယ်။ ကျွန်တော့်ရဲ့ ရည်ရွယ်ချက် ကတော့ ခေတ်စနစ်နဲ့ လျော်ညီပြီးတော့ ပြည့်စုံကောင်းမွန်တဲ့ ဥပဒေကို ပညာရှင်တွေ၊ သက်ဆိုင်ရာဝန်ကြီး ဌာနတွေ၊ လွှတ်တော်ရဲ့ ကော်မရှင်တွေ ကော်မတီတွေ၊ ဝိုင်းဝန်းပြီးတော့ ဆောင်ရွက်ပေးဖို့ ထင်ပါ တယ်။ ကျွန်တော် ဒီအတွက်ကြောင့် ကျွန်တော့်အနေနဲ့ ၁၉၈၈ ခုနှစ်က ထုတ်ပြန်ထားရှိတဲ့ အသင်းအဖွဲ့ များဆိုင်ရာ ဥပဒေကို ခေတ်စနစ်နဲ့ လျော်ညီပြီး ထိရောက်စွာ အသုံးပြုနိုင်စေဖို့ ရည်ရွယ်ချက်နဲ့ ပြင်ဆင်ထားတဲ့ ဥပဒေမူကြမ်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ရေး ဥပဒေမူကြမ်းကို အဆိုတင်သွင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦးတင်သွင်းတဲ့အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးသန်းထွန်း(ဒီပဲယင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဒီပဲယင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထွန်းဖြစ်ပါတယ်။ ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦးရဲ့ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းဟာ လက်ရှိ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်အောင်မြင်ဖြစ်ထွန်းဖို့မရှိမဖြစ်လိုအပ်တဲ့ အသင်းအဖွဲ့များဟာ ဥပဒေနဲ့ အညီပေါ်ပေါက်လှုပ်ရှားဆောင်ရွက်လာနိုင်ရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့အညီ ခေတ်စနစ်နဲ့ကိုက်ညီတဲ့

ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့ကိုက်ညီတဲ့ ဥပဒေကြမ်းဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၃၀-၇-၂၀၁၂ ရက်နေ့မှာ သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးမဲဆန္ဒနယ်မှ ... ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ကလည်း ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦး တင်သွင်းတဲ့ဥပဒေကြမ်းနဲ့ အနှစ်သာရအားဖြင့်တူညီတဲ့အဆိုအဖြစ် မြန်မာနိုင်ငံရဲ့ဒီမိုကရေစီအသွင် ကူးပြောင်းမှုကာလတွင် နိုင်ငံတော်သမ္မတက အရပ်ဘက်လူမှုအဖွဲ့အစည်းအားလုံးနဲ့ ပူးပေါင်း ဆောင်ရွက်ရန်မိန့်ကြားခဲ့ပြီးဖြစ်၍ အရပ်ဘက်လူအဖွဲ့အစည်းတွင်ပါဝင်သည့် အစိုးရမဟုတ်သော လူ့အဖွဲ့အစည်း NGO များဖွဲ့စည်းရေးအတွက် ခေတ်နဲ့လျော်ညီသော အစိုးရမဟုတ်သည့် လူ့အဖွဲ့အစည်း NGO များမှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေတစ်ရပ်ပြဋ္ဌာန်းနိုင်ရန် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှတိုက်တွန်းကြောင်းအဆိုကိုတင်သွင်းခဲ့ပြီး ပြည်သူ့လွှတ်တော်ကလည်း အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံရဲ့အချို့ အချို့သောဒေသများမှာ မလိုလားအပ်တဲ့ပဋိပက္ခတွေ၊ မတည်ငြိမ်မှုတွေဖြစ်ပေါ်လာစေဖို့ လှုပ်ရှားဆောင်ရွက်နေကြတဲ့ အချို့သောအသင်းအဖွဲ့များဟာ ဥပဒေနဲ့အညီစနစ်တကျဖွဲ့စည်းထားခြင်းမရှိဘဲ ဥပဒေမဲ့(Non-Rule) ပုံစံဆောင်ရွက်နေကြတယ်လို့ ထင်မြင်ယူဆမိပါတယ်။ ဒါကြောင့် ရွှေပြည်သာမဲဆန္ဒနယ်က ဦးတင်မောင်ဦးတင်သွင်းတဲ့ ဥပဒေကြမ်းဟာ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွား၊ လူမှုဘဝတိုးတက်ရေးနှင့် တည်ငြိမ် အေးချမ်းရေးကိုရှေးရှုလျက် လွှတ်တော်ရဲ့ဥပဒေပြုရေးတာဝန်ကို ကျေပွန်စွာထမ်းဆောင်မှုကို ဖော်ဆောင်တဲ့ ဥပဒေကြမ်းဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေး၊ ပြုပြင်ဖြည့်စွက်၊ အကြံပြုချက်များဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်ကလက်ခံဆွေးနွေးသင့်ပါ၍ ဥပဒေကြမ်းတင်သွင်းခြင်းကို လေးနက်စွာထောက်ခံပါကြောင်း လွှတ်တော်သို့တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော်များဟာ ဥပဒေပြုရေးအခန်း ကဏ္ဍမှာ အဓိကတာဝန်ရှိတဲ့ အဖွဲ့အစည်းများ ဖြစ်ပါတယ်။ မည်သည့်ဌာန မည်သည့်ပုဂ္ဂိုလ်က ဥပဒေပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ မိမိတို့ လွှတ်တော်ကတော့ နိုင်ငံနဲ့နိုင်ငံသားအကျိုးစီးပွားဖြစ် ထွန်းစေမယ့် ဥပဒေများကို ပြဋ္ဌာန်းရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့ တင်ပြလာတဲ့ ဥပဒေကြမ်းနဲ့ ပတ်သက်တဲ့အဆိုဟာ အမှန်မလွဲမသွေ မိမိတို့လွှတ်တော်က ဆွေးနွေးအတည်ပြုပြဋ္ဌာန်းရမယ့် ကိစ္စ

ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဦးတင်မောင်ဦးတင်သွင်းတဲ့ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး လက်ခံဆွေးနွေး ရန် သင့်/မသင့် ဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မတ်တတ်ရပ်ဆန္ဒပေးတဲ့ နည်းလမ်းအသုံးပြုသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဦးတင်မောင်ဦး တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီး လက်မခံသင့်သည်လို့ အဆုံးအဖြတ်ပေးတဲ့ပုဂ္ဂိုလ်များရှိပါက မတ်တတ်ရပ်ပေးပါ။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးတင်မောင်ဦး တင်သွင်းတဲ့အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး လွှတ်တော်က လက်ခံဆွေးနွေး သွားမည်ဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကိုဆွေးနွေးရန် ဦးသိန်းလွင်ချောက်မဲဆန္ဒနယ်က ဥက္ကဋ္ဌထံစာဖြင့် ရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ အဆိုကို တင်သွင်းဖို့ ချောက်မဲဆန္ဒနယ်က ဦးသိန်းလွင်ကို ဖိတ်ခေါ်ပါတယ်။

## ဦးသိန်းလွင်၊ ချောက်မဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပထမဆုံး အကြိမ်အဖြစ် အရှေ့ အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စု အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများလူပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်မှ ဂုဏ်ပြုချီးကျူး မှတ်တမ်းတင်ကြောင်း အရေးကြီးအဆို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုကို တင်သွင်းဖို့ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်ကို ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းလွင်(ချောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချောက်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင် ဖြစ်ပါတယ်။ အရေးကြီးအဆိုတစ်ရပ်ကို တင်သွင်းခွင့်ပြုခဲ့တဲ့ အတွက် ဥက္ကဋ္ဌကြီးကိုလည်း ကျေးဇူးတင်ရှိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ကျွန်တော် တင်သွင်းမယ့်အဆိုကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အရှေ့အာရှ ဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃)ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စု

အစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်မှ ဂုဏ်ပြု ချီးကျူးမှတ်တမ်းတင်ကြောင်း အဆိုဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရှေ့အာရှ ဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃)ကို နေပြည်တော်မှာ ၂၀၁၃ ခုနှစ် ဇွန်လ ၅ ရက်မှ ၇ ရက်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဖိုရမ်ကို မျှဝေခံစား သီးပွင့်များဆောင်ပုဒ်ဖြင့် အရေးကြီးတဲ့ နိုင်ငံတကာအဆင့်ဖိုရမ်အဖြစ် မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပ နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဖိုရမ်သို့ အရှေ့အာရှနိုင်ငံများမှနိုင်ငံ့ခေါင်းဆောင်အကြီးအကဲများ၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးအဆင့်ပုဂ္ဂိုလ်များ၊ အထင်ကရပုဂ္ဂိုလ်များ၊ ကုမ္ပဏီအကြီးအကဲများ၊ CEO များ၊ ကမ္ဘာ့ လူငယ်ခေါင်းဆောင်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူပညာရှင်ပေါင်း ၁၀၀၀ ကျော်နဲ့ နိုင်ငံတကာမှ မီဒီယာပုဂ္ဂိုလ်များ ၃၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်။ အဆိုပါဖိုရမ်သို့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးအပါအဝင် ကော်မတီများမှ ဥက္ကဋ္ဌများနဲ့အဖွဲ့ဝင်များ တက်ရောက်နိုင်ခဲ့ပြီး သတ်မှတ်ခေါင်းစဉ်များအလိုက် ပါဝင်ဆွေးနွေး လေ့လာခွင့်များရရှိခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဖိုရမ်ကျင်းပနိုင်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံကို ကမ္ဘာကသိအောင် ပြသကြေညာ နိုင်ခဲ့ပြီး ဆွေးနွေးချက်များရဲ့ ရလဒ်အနေနဲ့ အားလုံးပါဝင်သည့် တိုးတက်ပြောင်းလဲမှုများကို ပိုမိုဖြစ်ထွန်းလာစေရန် အရှေ့အာရှဒေသအဆင့် ပေါင်းစပ်မှု အမှန်တကယ် ဖြစ်ပေါ်စေရန်တို့အား ဖြေရှင်းနိုင်မယ့် ဒေသအဆင့် ဖြေရှင်းဆောင်ရွက်မှုများနဲ့ နည်းလမ်းများကို ကမ္ဘာလုံးဆိုင်ရာခံနိုင်ရည်ရှိမှုမြင့်မားသည်အထိ ပိုမိုကျယ်ပြန့်စေရန် တိုးမြှင့် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ဖိုရမ် ဆွေးနွေးပွဲကာလအတွင်း ကမ္ဘာ့ထိပ်တန်းကုမ္ပဏီများမှ ခေါင်းဆောင်များနဲ့ ဆွေးနွေးနိုင်ခဲ့ခြင်းသည် မကြာမီကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် ရလဒ်ကောင်းများ ပေါ်ထွန်းလာမည်ဟု ယုံကြည်ရပါတယ်။ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှု များကိုလည်း ကမ္ဘာ့မိသားစုများသို့ ဖွင့်လှစ်ပြသနိုင်သည့် အခွင့်အရေးရရှိသကဲ့သို့ နိုင်ငံတကာ အခမ်းအနားတစ်ခုအား အောင်မြင်အောင် ကျင်းပနိုင်ခဲ့သည့် အတွေ့အကြုံသစ်များကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးမှ ရရှိခဲ့ကြပါတယ်။ ထို့အပြင် ထိုရရှိခဲ့တဲ့ အတွေ့အကြုံများကို မကြာမီကျင်းပတော့မယ့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနဲ့ ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူဆောင်ရွက်နိုင်မည့် လုပ်ငန်းများအတွက်လည်း အကြိုလေ့ကျင့်မှုတစ်ရပ် အဖြစ် မှတ်ယူနိုင်သကဲ့သို့ ယင်းလုပ်ငန်းများကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန်အတွက် အသင့်ရှိ

နေပြီဖြစ်ကြောင်း ပြသနိုင်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပုံရိပ်ကို နိုင်ငံတကာ အသိုင်းအဝိုင်းမှာ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒီလို အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃)ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းဟာ ပြည်ထောင်စုအစိုးရအဖွဲ့မှ တာဝန်ရှိသူများရဲ့ အမြော်အမြင်ရှိစွာဖြင့် ကြိုးပမ်းဆောင်ရွက်မှုများ၊ သက်ဆိုင်ရာဌာနအသီးသီး၊ အဖွဲ့အစည်းအသီးသီး၊ ပုဂ္ဂိုလ်အသီးသီးရဲ့ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုများရဲ့ ရလဒ်ကောင်းပဲ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် အရှေ့အာရှဆိုင်ရာ ကမ္ဘာ့စီးပွားရေးဖိုရမ်(၂၀၁၃) ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ သက်ဆိုင်တဲ့ဌာနများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးအား ပြည်သူ့လွှတ်တော်မှ ဂုဏ်ပြုချီးကျူးမှတ်တမ်းတင်ကြောင်း အဆိုတစ်ရပ်ကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်ခင်ဗျား။ အဲဒီ WEF ခေါ် World Economic Forum မှာ ကျွန်တော်တို့ လွှတ်တော်က လွှတ်တော်ဥက္ကဋ္ဌ အပါအဝင် ကော်မတီ ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရေအတွက် ၅၀ နီးပါးခန့် တက်ရောက်ပြီး ပါဝင်ဆွေးနွေးဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ပေးနိုင်ဖို့အတွက် စီစဉ်ပေးတဲ့ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများကိုလည်း ကျွန်တော်တို့ ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ အဲဒီနည်းတူပဲ WEF ခေါ် World Economic Forum on Asia မှာ ပါဝင်ခဲ့တဲ့ လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍကိုလည်း မေ့ထားလို့မဖြစ်ပါဘူး။ ဒါကြောင့်မို့လို့ အခုလို ချီးကျူးဂုဏ်ပြုတဲ့နေရာမှာ လွှတ်တော်ကိုလည်း မေ့မထားသင့်ကြောင်း ဦးသိန်းလွင်မှတစ်ဆင့် လွှတ်တော်ကို တင်ပြချင်ပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဦးသိန်းလွင်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးမယ့်သူက လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကို တင်ပြထားတဲ့ဟာ အပါအဝင် ဆက်လက်ထောက်ခံ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပုဂ္ဂိုလ်များခင်ဗျား။ ကျွန်တော်က မလှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့ ဦးသိန်းလွင် တင်သွင်းသွားတဲ့ အရေးကြီးအဆိုဖြစ်တဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ပထမဦးဆုံးအကြိမ် ကျင်းပခဲ့တဲ့ အရှေ့တောင်အာရှစီးပွားရေးဖိုရမ်နဲ့ ပတ်သက်လို တင်သွင်းသွားတဲ့အဆိုကို ထပ်မံဖြည့်စွက်ထောက်ခံသွားမှာ ဖြစ်ပါတယ်။ ဦးသိန်းလွင် တင်သွင်းသွားတဲ့အဆိုမှာ အစိုးရအဖွဲ့၊ သက်ဆိုင်ရာပါဝင်တဲ့

ပုဂ္ဂိုလ်များအားလုံးကို ဂုဏ်ပြုမှတ်တမ်းတင်ချီးကျူးကြောင်း အဆိုတင်သွင်းတဲ့အပေါ်မှာ ဒါ့အပြင် ကျွန်တော်တို့ ဒီဖိုရမ်မှာတက်ရောက်ခဲ့တဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံးပါဝင်တဲ့ ဥက္ကဋ္ဌအပါအဝင် ကိုယ်စားလှယ်များ အားလုံး ပါဝင်တက်ရောက်ခဲ့ပြီးတော့ ဆောင်ရွက်ခဲ့တဲ့အပေါ်မှာ ဒီပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်များကိုပါ အပါအဝင် ဂုဏ်ပြုချီးကျူးမှတ်တမ်းတင်သင့်ကြောင်း ဖြည့်စွက်ပြီး တော့ အဆိုတင်သွင်းရင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အခု တင်ပြလာတဲ့ အရေးကြီးအဆိုနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်က ကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန် မရှိတဲ့အတွက် ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုထောက်ခံတဲ့နေရာမှာ ထပ်ဆင့်ပြီး လွှတ်တော်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍကိုပါ ထည့်သွင်း ထောက်ခံဆွေးနွေးမှုကို လွှတ်တော်က မှတ်တမ်းတင် အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်က ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီး ဌာနမှ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများ ရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည်တွင်းပြည်ပ ဖက်စပ်ကုမ္ပဏီများအဖြစ် သတ်မှတ်ရွေးချယ်တာဝန်ပေးအပ်ရန်နှင့် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန် ပေးအပ်ခြင်းအား ဆက်သွယ်ရေးဥပဒေ ပြဋ္ဌာန်းပြီးမှ ဆက်လက်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာဖြင့် ရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ အဆိုကို တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမျိုးဆွေ(တနိုင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်း ရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဆွေဖြစ်ပြီး ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်

ရေးဆိုင်ရာကော်မတီအတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ အကျိုးကိုရည်ရွယ်ပြီး အရေးကြီးအဆိုတစ်ရပ် တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုကတော့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာနမှ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည်တွင်းပြည်ပဖက်စပ်ကုမ္ပဏီများအဖြစ် သတ်မှတ်ရွေးချယ်တာဝန်ပေးအပ်ရန်နှင့် ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ် တာဝန်ပေးအပ်ခြင်းအား ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီးမှ ဆက်လက်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒလမ်းစဉ်တွင် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းကို ဦးစားပေးသတ်မှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်တွင် တယ်လီဖုန်းသုံးစွဲမှုတိုးတက်ရေး၊ဈေးနှုန်းသက်သာစွာဖြင့် တယ်လီဖုန်းသုံးစွဲနိုင်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် အထူးပင်ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ ဆက်သွယ်ရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်တဲ့ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအား သတင်းစာများမှတစ်ဆင့် ခေါ်ယူခဲ့ပြီး စနစ်တကျ စိစစ်မှုများပြုလုပ်ကာ မကြာမီကာလအတွင်း တင်ဒါတင်သွင်းလာတဲ့ကုမ္ပဏီများအနက်မှ သင့်တော်တဲ့ ပြည်တွင်းကုမ္ပဏီ ၂ ခုဖြစ်တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့ ပူးပေါင်း၍လည်းကောင်း၊ ရတနာပုံတယ်လီပို့ကုမ္ပဏီအား အများပိုင်ကုမ္ပဏီအဖြစ် ပြောင်းလဲဖွဲ့စည်း၍လည်းကောင်း ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်ချထားပေးရန် စီစဉ်ထားရှိကြောင်း သိရှိရပါတယ်။ ဒါ့အပြင် ပြည်ပကုမ္ပဏီ ၂ ခုကိုလည်း လိုင်စင်ချထားပေးမှာဖြစ်ကြောင်း သိရှိရပါတယ်။ မြန်မာကုမ္ပဏီများကို အော်ပရေတာအဖြစ် ပြောင်းလဲတာဝန်ယူစေခြင်းဖြင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်ကြောင်းလည်း သိရှိရပါတယ်။ လက်ရှိလိုင်စင်ချထားပေးမယ့် ပုံသဏ္ဌာန်အရ ပြည်တွင်းကုမ္ပဏီ ၂ ခုနှင့် ပြည်ပကုမ္ပဏီ ၂ ခုတို့ ယှဉ်ပြိုင်လုပ်ဆောင်ရမယ့်အခြေအနေဖြစ်ပေါ်နေကြောင်းတွေ့ရှိရပါတယ်။ အော်ပရေတာအဖြစ် လိုင်စင်ချထားပေးမယ့် ပြည်ပကုမ္ပဏီများဟာ ပြည်တွင်းကုမ္ပဏီများထက် နည်းပညာအဆင့်အတန်း၊ အတွေ့အကြုံနှင့် ရင်းနှီးမြှုပ်နှံမယ့် ငွေကြေးဓနအင်အားများစွာသာလွန်နေကြောင်း တွေ့ရှိရပါတယ်။ ရည်ရွယ်ချက်နှင့် စေတနာကောင်းမွန်သော်လည်း ရေရှည်ယှဉ်ပြိုင်ဆောင်ရွက်ရာမှာ ပြည်တွင်းကုမ္ပဏီများအနေနဲ့ အခက်အခဲများ၊ အဆုံး

အရှုံးများနှင့် ရင်ဆိုင်ရနိုင်ပြီး ပြည်ပကုမ္ပဏီများရဲ့ လက်ဝါးကြီးအုပ်ဝါးမျိုခြင်း ခံရနိုင်တယ်လို့ ပြည်သူများအကြား စိုးရိမ်မှုများဖြစ်ပေါ်နေကြောင်းကြားသိရပါတယ်။ ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ သီးခြားယှဉ်ပြိုင်လုပ်ဆောင်ကြမှာဖြစ်တဲ့အတွက် ပြည်ပကုမ္ပဏီများရဲ့ နည်းပညာနှင့် အတွေ့အကြုံများအားပြည်တွင်းကုမ္ပဏီများအနေဖြင့် ရရှိရန်အခွင့်အရေးလည်း နည်းပါးနေမှာ ဖြစ်ပါတယ်။ ပြည်ပကုမ္ပဏီများနှင့် ပြည်တွင်းကုမ္ပဏီများဖက်စပ်လုပ်ကိုင်မှသာ နည်းပညာအတွေ့အကြုံများအပါအဝင် အများပြည်သူအကျိုးအမြတ်များရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အော်ပရေတာလိုင်စင်ချထားပေးရာမှာပြည်တွင်းနှင့် ပြည်ပကုမ္ပဏီများဖက်စပ်ချထားပေးပါရန် အလေးအနက်ထားပြီး စဉ်းစားသင့်ကြောင်းတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိပကတိအခြေအနေနဲ့ကိုက်ညီတဲ့ဆက်သွယ်ရေးဥပဒေများ မရှိသေးသဖြင့် တည်ဆဲဥပဒေဖြစ်သော နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၉/၈၉)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့ဖြင့်သာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါတယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများရဲ့ရေရှည်အကျိုးစီးပွားကို ကာကွယ်နိုင်ရန်အတွက် ခေတ်နှင့်လျော်ညီတဲ့ ဆက်သွယ်ရေးဥပဒေကိုပြဋ္ဌာန်းဆောင်ရွက်မှသာ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ ရေရှည်အကျိုးစီးပွားကို ကာကွယ်နိုင်မယ်လို့ယူဆပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ အချက်အလက်များဟာ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ ရေရှည်အကျိုးစီးပွားကိုရည်ရွယ်ပြီးတင်ပြရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများ ရွေးချယ်တာဝန်ပေးအပ်ရာတွင် ပြည်တွင်း၊ ပြည်ပဖက်စပ်ကုမ္ပဏီများအဖြစ် သတ်မှတ်ရွေးချယ်တာဝန်ပေးအပ်ရန်နှင့်ဆက်သွယ်ရေး အော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများ ရွေးချယ်တာဝန်ပေးအပ်ခြင်းအားဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီးမှ ဆက်လက်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို အလေးအနက်တင်သွင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကိုထောက်ခံဆွေးနွေးမယ့်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားရပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ

ကော်မတီဝင်လည်းဖြစ်ပါတယ်။ ဒီကနေ့ နိုင်ငံတော်အစိုးရက ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းအမီလိုက်နိုင်အောင် ကြိုးစားဆောင်ရွက်နေတာ သိရလို့ ကျွန်တော်တို့ အများကြီးပဲဝမ်းသာမိပါတယ်။ ဒီလို ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနက ဒီလုပ်ငန်းတွေလုပ်နေတဲ့နေရာမှာ ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေကိုဖိတ်ခေါ်ပြီးတော့ သူတို့ကို ကန်ထရိုက်ပေးပြီးတော့ လုပ်ငန်းကိုလုပ်ကိုင်စေမှာလို့ လည်းသိရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ ပြည်တွင်းလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေနဲ့ ပြည်ပလုပ်ငန်း ရှင်တွေ ကုမ္ပဏီတွေယှဉ်လိုက်လို့ရှိရင် ပြည်ပလုပ်ငန်းရှင်တွေ၊ ကုမ္ပဏီတွေက ငွေကြေးခနအင်အား ရော၊ နည်းပညာရော၊ ပစ္စည်းပိုင်းမှာရော အကုန်အဘက်ဘက်က သာလွန်နေတဲ့အတွက် ရေရှည်ကျ တဲ့အခါမှာ ကျွန်တော်တို့ ပြည်တွင်းလုပ်ငန်းရှင်တွေကို ဝါးမျိုသွားနိုင်တယ်လို့ ယူဆပါတယ်။ ဒါနဲ့ကြောင့် ဒီလိုလုပ်ငန်းမျိုးမဖြစ်ပွားရအောင် မြန်မာ့ဆက်သွယ်ရေးဥပဒေကိုပြဋ္ဌာန်းပြီးမှ ဆောင်ရွက် သင့်တယ်လို့ ထင်မြင်ယူဆပါတယ်။ ဒါကြောင့် စောစောကကျွန်တော်တို့ တနိုင်းမဲဆန္ဒနယ်က ဦးမျိုးဆွေ တင်သွင်းသွားတဲ့ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ် ရာတွင် ပြည်တွင်း၊ ပြည်ပဖက်စပ်ကုမ္ပဏီများအဖြစ် သတ်မှတ်ရွေးချယ်တာဝန်ပေးအပ်ရန်နှင့် ဆက်သွယ်ရေးအော်ပရေ တာလုပ်ငန်းအတွက် ကုမ္ပဏီများရွေးချယ်တာဝန်ပေးအပ်ခြင်းဟာ ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းပြီးမှ ဆက်လက်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ဆွေးနွေးအဆိုပြုတာရယ်၊ ထောက်ခံတင်ပြတာရယ်က မနေ့ကတုန်းက ဆွေးနွေးရင်း ခေတ္တရပ်ဆိုင်းခဲ့ရတဲ့ ဖက်စပ်ကုမ္ပဏီများတည်ထောင်ခြင်းကိစ္စနှင့်လည်း သက်ဆိုင်ပါ တယ်။ အခုတင်ပြတာကို ပြန်လည်သုံးသပ်တဲ့အခါမှာ ပြည်တွင်းကုမ္ပဏီများကို သတ်သတ်၊ ပြည်ပ ကုမ္ပဏီများကိုသတ်သတ် တာဝန်ပေးမယ်ဆိုခြင်းသည် ခုနက ဆွေးနွေးသွားတဲ့နေရာမှာ ဝါးမျိုသွား မယ်ဆိုတဲ့သဘောပါပါတယ်။ ဘာကြောင့်လဲ၊ နည်းပညာအရရော၊ အရင်းအနှီးအရရော တကယ်တမ်း ကျတော့ ဝါးမျိုသွားမှာတင်မဟုတ်ပါဘူး။ အကယ်လို့သာ ဒီအတိုင်းဖြစ်မယ်ဆိုရင် ပြည်တွင်းကုမ္ပဏီ မှာပြုတ်သွားပြီးတော့ ပြည်ပကုမ္ပဏီများကျန်ပြီးတော့ ဆက်သွယ်ရေးအော်ပရေတာလုပ်ငန်းကို ပြည်ပ ကုမ္ပဏီများကပဲ လုပ်သွားနိုင်တယ်ဆိုတဲ့သဘောသက်ရောက်ပါတယ်။ ဒါကြောင့်မို့လို့ အခုတင်ပြတဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် တင်ပြချက်ကို ဒီအဆိုကို လွှတ်တော်က ကန့်ကွက်

ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိပါက တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ** ။ ။ ယနေ့အတွက် လွှတ်တော်အစည်းအဝေးအစီအစဉ်ပြီးဆုံးပါပြီ။ မနက်ဖြန် ၁၀း၀၀ နာရီမှာ ပြည်သူ့လွှတ်တော်အစည်းအဝေး အစီအစဉ်ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၂း၂၀ နာရီအချိန်တွင် ရပ်နားပါသည်။]